
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# ဟောနည်းပြောနည်း

လှသမိန်

# PUBLIC SPEAKING

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

စကားပြောခြင်း၏တန်ဘိုး

စကားပြောအခါအခွင့်အမျိုးမျိုး

စကားပြောနည်းများ

စကားပြောသူ၏ကျင့်ဝတ်များ

စကားပြောလေ့ကျင့်နည်းများ

စကားပြောရန်ပြင်ဆင်မှုများ

စကားနှင့်ဆိုင်ရာမှတ်ဖွယ်များ . . . ဟူ၍

အခန်း ၇ ခန်းခွဲကာ ပြည့်စုံစွာ ပြုစုရေးသားခဲ့သော

စာအုပ်ကောင်းတစ်အုပ်။



ISBN9789997113863
HTM12
9 789997 113863
1,800.00KS

mgyoe.com

ဟောနည်းပြောနည်း၊ လှသမိန်
စာမျက်နှာ ၁၆၇ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၆ တင်ဆွေအေး၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဟောနည်းပြောနည်း

လှသမိန်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| အခန်း(၁) | စကားပြောခြင်း၏တန်ဖိုး | ၁ |
| အခန်း(၂) | စကားပြောအခါအခွင့်အမျိုးမျိုး | ၇ |
| (က) | စကားစမြည်ပြောခြင်း | ၇ |
| (ခ) | မိန့်ခွန်းစကားပြောခြင်း | ၉ |
| (ဂ) | ဟောပြောခြင်း | ၁၀ |
| (ဃ) | သင်ကြားပို့ချခြင်း | ၁၁ |
| (င) | စကားအခြေအတင်ပြောဆိုခြင်း | ၁၂ |
| (စ) | ဆွေးနွေးပြောဆိုခြင်း | ၁၃ |
| (ဆ) | အမှုတွင်လျှောက်လဲပြောဆိုခြင်း | ၁၄ |
| (ဇ) | စာပြောကွက်စိပ်ပြောခြင်း | ၁၅ |
| (ဈ) | ပြဇာတ်၊ ဇာတ်၊ ရုပ်ရှင် စသည်တွင် ပြောဆိုခြင်း | ၁၆ |
| အခန်း(၃) | စကားပြောနည်းများ | ၂၀ |
| ၁။ | ကြိုတင်အစီအစဉ်ပြုလုပ်၍ပြောပါ | ၂၀ |


mgyoe.com

mgyoe.com


၂။ စိတ်ဝင်စားဖွယ်ရာကိုစ၍ပြောပါ ၂၄
၃။ တိုတိုလိုရင်းအကျဉ်းချုပ်၍ပြောပါ ၂၈
၄။ စာမဆန်အောင်ပြောပါ ၃၃
၅။ စကားဝေဆာအောင်ပြောပါ ၃၇
၆။ သေချာစွာ သိသမျှသာပြောပါ ၄၂
၇။ ယဉ်ကျေးစွာပြောပါ ၄၆
၈။ လေးနက်ပေါ်လွင်အောင်ပြောပါ ၅၁
၉။ သင် ဘာကိုပြောနေသနည်း ၅၁
၁၀။ ဟန်အမူအရာနှင့်ပြောပါ ၅၅
၁၁။ လေယူလေသိမ်းကျနအောင်ပြောပါ ၆၀
၁၂။ အသံပီသပြတ်သားစွာပြောပါ ၆၅
၁၃။ နိဒါန်း၊ နိဂုံးချောမွေ့အောင်ပြောပါ ၇၀

အခန်း(၄) စကားပြောသူ၏ကျင့်ဝတ်များ ၈၁
၁။ ဆရာလုပ်၍မပြောပါနှင့် ၈၁
၂။ အလှည့်ပေး၍ပြောပါ ၈၆
၃။ ပရိသတ်အကဲကို လေ့လာပါ ၉၁
၄။ မိမိပြောဆိုမည့်ပုဂ္ဂိုလ်ကို လေ့လာပါ ၉၆
၅။ ပရိသတ်အာရုံမပြတ်ပါစေနှင့် ၁၀၈

အခန်း(၅) စကားပြောလေ့ကျင့်နည်းများ ၁၁၄
၁။ ပရိသတ်ရှေ့၌ လက်တွေ့ပောပြောလေ့ကျင့်ပါ ၁၁၄
၂။ အသံကောင်းရန် လေ့ကျင့်ပါ ၁၁၉
၃။ အသံချို့စကားပြောခွက်ကိုကောင်းစွာ


mgyoe.com

mgyoe.com


| | | |
|---|---|---|
| | အသုံးပြုရန် လေ့ကျင့်ပါ | ၁၂၄ |
| ၄။ | စကားပြောကောင်းသူများကို နားထောင်အတုယူပါ | ၁၂၉ |
| အခန်း(၆) | စကားပြောရန်ပြင်ဆင်မှုများ | ၁၃၅ |
| ၁။ | စကားလုံးစုဆောင်းဆည်းပူးပါ | ၁၃၅ |
| ၂။ | ဗဟုသုတစုဆောင်းပါ | ၁၄၂ |
| ၃။ | ကျက်မှတ်သင့်ရာကို ကျက်မှတ်ထားပါ | ၁၄၇ |
| အခန်း(၇) | စကားနှင့်ဆိုင်ရာမှတ်ဖွယ်များ | ၁၅၀ |
| ၁။ | စကားနှင့်သက်ဆိုင်ရာ စကားပုံများ | ၁၅၀ |
| ၂။ | စကားနှင့်သက်ဆိုင်ရာ ဆိုရိုးစကားများ | ၁၅၂ |
| ၃။ | စကားနှင့်သက်ဆိုင်ရာ မှတ်စုများ | ၁၅၅ |
| ၄။ | စကားနှင့်သက်ဆိုင်ရာ ဇာတ်နိပါတ်များ | ၁၆၁ |
| ၅။ | စကားပြောသူတို့စဉ်းစားစရာများ | ၁၆၃ |


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ချိုစေသူ့နား၊ ချဉ်မခါးအောင်၊
စကားကျစ်လျစ်၊ အဆစ်ဆစ်၌၊
မထစ်မထုန်၊ မဖုန်မထိုင်း၊
မရိုင်းမဆတ်၊ ရှဲခတ်ကိုက်စား၊
သစ်ပျဉ်ပြားနှယ်၊ ပြတ်သားသိမ်မွေ့၊
ချောမွေ့ပြေပြစ်၊ မာန်မရစ်ဘဲ၊
မြစ်မြစ်ချောချော၊ လှုဗိုလ်ခြေအား၊
သံခြေနှုတ်ညင်း၊ ရွှေစောင်းငြင်းသို့၊
မပြင်းမပြ၊ သာချမ်းမြလျက်၊
ပျပျရွှင်ပျော၊ မိန့်ဆိုပြောလော့။ ။

(မဃဒေဝ လင်္ကာ၊ ပိုဒ်ရေ–၂၁၁)

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

"လူတိုင်းတတ်၍ မတတ်သောပညာကို ပြောပါ" ဟုဆိုလျှင် စကားပြောအတတ်ပညာကို ထောက်ပြရမည်ပင် ဖြစ်ပေသည်။ လူတိုင်းသည် စကားပြောနေကြပေသည်။ သို့ရာတွင် စကားအရာဖြင့် အောင်မြင်မှုရယူနိုင်လောက်အောင် စကားပြောအတတ်ပညာတွင် ပြောင်မြောက်မှုကိုကား လူတိုင်း အလွယ်တကူ မတတ်မြောက်ကြချေ။ မပိုင်ဆိုင်ကြချေ။ မသိသူကျော်သွား၍ သိသူဖော်စားကြဘိသကဲ့သို့ အတွေ့အကြုံ၊ အတွေးအဆ၊ အလေ့အလာတို့မှ တတ်မြောက်ကျွမ်းကျင်သူများမှာ လူဆယ်ယောက်လျှင် တစ်ယောက်ထက် ပိုနိုင်မည်မထင်ပေ။

စကားပြောခြင်းသည် အတတ်ပညာတစ်ရပ်ပင်ဖြစ်၍ ရှေးရှေးကပင် ပေါ်ထွန်းခဲ့လေသည်။ ဂရိတ်စကားပြော ပညာရှင်ကြီးများသည် သမိုင်းတွင် ထင်ရှားလျက်ပင် ရှိလေသည်။ ရှေးခေတ်က တွေးခေါ်မြော်မြင်မှုဆိုင်ရာပညာရှင်များသည် စကားပြောကောင်းသူများပင် ဖြစ်ခဲ့လေသည်။ မြတ်စွာဘုရား၏ ဇာတ်နိပါတ်တော်များတွင်လည်း စကားပြောခြင်းနှင့်ဆိုင်သော သင်ခန်းစာများ ရယူနိုင်လေသည်။ မြတ်စွာဘုရားသည် စကားပြောခြင်း (ဝါ) တရားဟောတော်မူခြင်း၌ ထူးချွန်တော်မူ

mgyoe.com

mgyoe.com



သော ပါရမီတော်ရှင်တစ်ဆူ ဖြစ်လေသည်။ ဗုဒ္ဓပိဋကတ်တော် သဂါထာဝဂ္ဂသံယုတ်၊ ဝင်္ဂီသသုတ်ထွက်၊ သုဘာသိတဝါစာ၊ သစ္စဝါစာ၊ ပိယဝါစာ၊ ဓမ္မဝါစာဟူသော ပြောသင့်ပြောအပ်သည့်စကားလေးမျိုးမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်ကပေါ်ထွက်ခဲ့သော စကားပြောနည်းလမ်းညွှန်ပင် ဖြစ်လေသည်။

ယခုခေတ်တွင် လူများသည် ဟောမှုပြောမှုတို့နှင့် ပို၍ဆက်သွယ်လာရသဖြင့် စကားပြောဟောခြင်း၏ အရေးပါခြင်းကိုလည်းကောင်း၊ စကားပြောဟောရခြင်း၏ ခက်ခဲနက်နဲမှုကိုလည်းကောင်း သိမြင်လာသည့်အတိုင်း အတတ်ပညာတစ်ရပ်အဖြစ် ပို၍ အသိအမှတ်ပြုလာခဲ့ကြလေသည်။ စကားပြောရာတွင် ရပ်ရွာထဲတွင် ဟောပြောရာမှအစ ကမ္ဘာငြိမ်းချမ်းရေးစားပွဲဝိုင်းများအထိ အခါအခွင့်အကြီးအငယ်အမျိုးမျိုး အစားစားရှိပေရာ လူတစ်ယောက်သည် တစ်နည်းမဟုတ်တစ်နည်း၊ တစ်နေရာမဟုတ် တစ်နေရာတွင် ပြောဆိုရန် အခွင့်အခါများကို မပြတ်ကြုံတွေ့နေကြရပေသည်။ ထို့ကြောင့်လည်း စကားပြောအတတ်ကို ပေါ့ပေါ့ဆဆသဘောမထားဘဲ အထူးတလည် လေ့လာသင်ကြားလာကြပေရာ ကမ္ဘာ့နိုင်ငံကြီးအချို့တွင် စကားပြောသင်ကျောင်းများ တည်ထောင်ခဲ့ကြ၍ စကားဟောပြောမှုနှင့်ပတ်သက်သော စာအုပ်စာတမ်းများလည်း အမြောက်အမြား ပေါ်ထွက်လာခဲ့လေသည်။ အမေရိကန်ပြည်ရှိ ဒေးလ်ကာနယ်ဂျီ၏ စကားပြောသင်တန်းတစ်ခုတည်းမှ ကျောင်းသား ၇ သိန်းကျော် စကားပြောအတတ်တွင် ထူးချွန်သောဘွဲ့များ ရရှိစေခဲ့၍ ဒေးလ်ကာနယ်ဂျီရေးသားပြုစုသည့် "ပရိသတ်ရှေ့တွင် စကားပြောနည်း" စာအုပ်မှာလည်း သန်းနှင့်ချီ၍ ထုတ်ဝေခဲ့ရလေသည်။ အင်္ဂလန်ပြည်မှ ပီတာဝက်စလင်၏ "ပရိသတ်ရှေ့တွင် စကားပြောနည်း" စာအုပ်မှာလည်း အကြိမ်ပေါင်း များစွာ ရိုက်နှိပ်ထုတ်ဝေခဲ့ရလေသည်။

mgyoe.com

mgyoe.com



စကားပြောခြင်းသည် မိမိကိုယ်တိုင် လေ့ကျင့်အားထုတ်ရသည် ဖြစ်သော်လည်း စကားပြောကောင်းတစ်ယောက်ဖြစ်လာနိုင်ရန်အတွက်–

၁။ အခြားသူများဟောပြောသည်ကို နားထောင်ကာ ဝေဖန်ဆန်းစစ်၍ လေ့လာခြင်း။

၂။ အကျိုးအကြောင်း လေ့လာဆန်းစစ်ညွှန်ပြသော စာအုပ်စာတမ်းများကို လေ့လာခြင်း။

ဟူသော အကူအညီ နည်းလမ်းနှစ်ရပ်လိုအပ်သည်သာ ဖြစ်လေသည်။ စကားပြောဟောခြင်းကို နည်းစနစ်ကျကျလေ့လာရာတွင် ထိုက်သင့်သော စာအုပ်စာတမ်းများကို လိုလားတောင့်တသောပရိသတ်များသည် မြန်မာနိုင်ငံတွင်လည်း တိုးတက်များပြားလျက်ရှိပြီ ဖြစ်လေသည်။ သို့ဖြစ်လေရာ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ စည်းဝေးပွဲများ၊ စကားရည်လုပွဲများ၊ ဟောပြောပွဲများ၊ ထောက်ခံပွဲများမှစ၍ တိုးတက်ချီတက်နေသော မျက်မှောက်ခေတ်၏လူမှုဆက်ဆံရေးလောကတွင် စကားကို စေစား၍ ဆက်ဆံနေကြရသော လုပ်သားပြည်သူများအတွက် အထောက်အပံ့ရမှုရစေဟူသော စေတနာဖြင့် လေ့လာဆည်းပူးရရှိသမျှသော စကားဟောပြောမှုဆိုင်ရာ လမ်းညွှန်များကို စုဆောင်းပြုစုလိုက်ရပေသည်။

လှသမိန်

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း ၁
# စကားပြောခြင်း၏တန်ဖိုး

နှုတ်ကောင်းလျှင် ပြည်စိုးသည်
နှုတ်ချိုလျှင် သျှိုတစ်ပါး၊
နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ၊
မုန်းစေလိုလည်း ခံတွင်းလက်လေးသစ်၊
ချစ်စေလိုလည်း ခံတွင်းလက်လေးသစ်။

ဤစကားပုံများသည် လူတိုင်းလိုပင် ကြားဖူး၊ စဉ်းစားဖူးကြသော စကားပုံအဟောင်းများ ဖြစ်လေသည်။ စင်စစ်သော်ကား စကားသည် လူ့လောကကြီးနှင့် ကမ္ဘာကြီးကို ဖန်တီးခြယ်လှယ်နေသည်ဟုဆိုလျှင် ချဲ့လွန်းကားလွန်းရာ မရောက်နိုင်ပေ။

အဏုမြူလက်နက် ပိတ်ပင်ရေး ဆွေးနွေးပွဲ၊ လုံခြုံရေး ကောင်စီ ဆွေးနွေးပွဲ၊ ပါတီဗဟိုကော်မတီဆွေးနွေးပွဲ၊ နယ်နိမိတ်ပြဿနာ ဖြေရှင်းရေးဆွေးနွေးပွဲ၊ ကမ္ဘာ့ပညာရှင်ကြီးများ၏ နှီးနှောဖလှယ်ပွဲ၊ အငြင်းပွားမှု ပြဿနာများ ဈေးစပ်ဆွေးနွေးပွဲစသော စသော စကားပြောပွဲကြီးများသည်

mgyoe.com

mgyoe.com


ကမ္ဘာ့ရပ်တည်နိုင်မှု အသွင်အပြင်ကို စီမံဖန်တီးစိုးပိုင်၊ ကြိုးကိုင်နေသော စကားပြောပွဲကြီးများ ဖြစ်ပေသည်။ နိုင်ငံအတွင်း၌ကြည့်လျှင်ပင် မြို့ရွာ အသီးသီး၌ အကြောင်းအမျိုးမျိုးအားဖြင့် ပြောဆိုနေကြသည့် စကားပြော ပွဲများ၏ သတင်းများသည် နေ့ရက်မပြတ်ပါရှိနေပေသည်။ စကားပြော နေကြသူများတွင် တရားသူကြီး၊ ဆရာဝန်၊ ကျောင်းဆရာ၊ ရပ်ရွာ ခေါင်းဆောင်၊ သဘင်သည်၊ ဈေးသည်၊ မျက်လှည့်ဆရာ၊ ဗေဒင်ဆရာ၊ မော်တော်ယာဉ်လက်မှတ်ရောင်းသူမှစ၍ လူအသီးသီးနှင့် ဆက်ဆံနေ ကြရသူများသည် စကားဖြင့်ပင် အလုပ်လုပ်၍ နေကြရလေသည်။ စေ့စေ့ တွေးသော်စိတ်ထဲမှ အတွေးအသိကို နှုတ်မှဖွင့်ပြော၍ လက်မှ အကောင် အထည်ဖော်နေကြသော လူ့လောကတွင် စကားပြောခြင်းကို အလုပ် တစ်ခုအဖြစ် အသိအမှတ်ပြုကြရပေလိမ့်မည်။

စကားပြောခြင်းသည် လူမှုဆက်ဆံရေးလောက ကျယ်ပြန့်သည် နှင့်အမျှ ပြောဆိုဆက်ဆံခွင့်ကလည်း များပြားလာ၍ ပြောရန် အကြောင်း အရာကလည်း တိုးတက်များပြားလာလေသည်။ သိပ္ပံပညာကလည်း အသံသွင်းစက်၊ အသံဖမ်းစက်၊ အသံလွှင့်စက်၊ အသံချဲ့စက်၊ အဝေးပြော ကြိုးရှိ-ကြိုးမဲ့ကိရိယာများ စသည်တို့ကို တီထွင်ပြုလုပ်ပေးခဲ့ကြပေ သည်။ ထိုအချိန်တွင် စကားပြောသူများသည် မိမိတို့ပြောဆိုချက်များ အောင်မြင်အောင် ကြိုးစားလာကြရလေသည်။

စကားပြောသံကို ချဲ့၍ရသည်။ ကြာရှည်ခံအောင် သိုလှောင်၍ ရသည်။ ထပ်ပြန်နားထောင်၍ရသည်။ အဝေးသို့ပို့၍ရသည်။ ဤ အစွမ်းများကို သိပ္ပံပညာရှင်များ၏ စက်ကိရိယာများက ပြုလုပ်ပေးနိုင်ကြ လေသည်။ သို့ရာတွင် စကားပြောဟောချက်တစ်ခုကို ပရိသတ်က စွဲမက် နှစ်သက်အောင် သိပ္ပံပညာရှင်များကသော်လည်းကောင်း၊ အခြားသူ တစ်စုံတစ်ယောက်ကသော်လည်းကောင်း ပြုပြင်ဖန်တီးခြင်း မပြုနိုင်ပေ။

mgyoe.com

စကားပြောသူကသာလျှင် မိမိအစွမ်းဖြင့် ပိုမိုလေ့လာကြိုးစားကာ အောင်မြင်မှုရယူရပေသည်။

“ပြဒါးသေ၍ တပြေဝ, မဝ မပြောနိုင်သော်လည်း စကားအောင်၍ ဖိနှိပ်ချုပ်ချယ်သော ပြည်ပအန္တရာယ်များကို အသက်နှင့်လဲကာ တော်လှန်တိုက်ခိုက်ခဲ့ကြပေသည်။ ကမ္ဘာ့အရေးတော်ပုံကြီးများကို စကားဖြင့်ပင် လှုံ့ဆော်ခဲ့ကြပေသည်။ ဒေါမာန် တပဟုန်းဟုန်းဆူကြွနေသော လူများကိုလည်း ရေအိုးထဲသို့နှစ်ချလိုက်သော မီးကျီးခဲအလား၊ ငြိမ်းအေးပိပြားသွားအောင် ကမ္ဘာ့ခေါင်းဆောင်ကြီးများက စကားဖြင့်ပင် ဆောင်ရွက်ခဲ့ကြပေသည်။ အိန္ဒိယနိုင်ငံ၏ကံကြမ္မာသည် မဟတ္တမဂန္ဒီ၊ ဂျဝါဟာလာလ်နေရူးတို့၏ စကားများအောက်တွင် ပုံသွင်းခဲ့ပေသည်။ သန်းပေါင်းများစွာသော တရုတ်အမျိုးသားတို့အား မော်စီတုံးသည် သဘောတရားရေးကို စကားဖြင့် ဟောပြောသွန်သင်ကာ ရှေ့တန်းသို့ ပို့ဆောင်ပေးခဲ့သည်။ ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏စကားများအတိုင်း အဆုံးအမခံယူခဲ့ကြပေသည်။ ဤသို့ သောသာဓကများကို ကမ္ဘာ့နိုင်ငံများနှင့်ချီ၍ တင်ပြနိုင်ပေသည်။

စကားသည် အရေးပါသည်မှာ အမှန်ပင် ဖြစ်သည်။ သို့ဖြစ်သော် မည်သည့်အတွက် အရေးပါရသနည်း။

ကျွန်ုပ်တို့၏ စကားများနှင့်ပတ်သက်၍–

၁။ အကျိုးကျေးဇူးကို ပေးစွမ်းမည့်အကြောင်းအရာများ ပါရှိရမည်။

၂။ သဘာဝကျ၊ မှန်ကန်သည့်အချက်ကို အခြေတည်ရမည်။

၃။ ဆိုလိုရင်းအချက်သည် ပေါ်လွင်၍ နားလည်လွယ်ရမည်။

၄။ ရည်ညွှန်းသည့် လှုံ့ဆော်မှုကို အပြည့်အဝပေးစွမ်းနိုင်သော အားမာန်ပါရှိရမည်။

mgyoe.com

mgyoe.com


ဟူသော အခြေခံအချင်းအင်္ဂါတို့နှင့် ပြည့်စုံခြင်းကြောင့် အရေးပါခြင်းပင် ဖြစ်ပေသည်။ ဤအချက် ၄ ချက်ကို စဉ်းစားလျှင် ရှေးဦး ၂ ချက်သည် ‘အကြောင်းအရာ’ နှင့်သက်ဆိုင်၍ နောက် ၂ ချက်သည် ‘တင်ပြပုံတင်ပြနည်း’ နှင့် သက်ဆိုင်ပေသည်။ ဤအပိုင်းနှစ်ပိုင်းစလုံးကို ပေါင်းစပ်သည် ရှိသော် စကားပြောအတတ်ပညာအဖြစ် တည်ထွန်းလာရပေသည်။ လူ့လောကကြီးကို ခြယ်လှယ်ဖန်တီးသော စကားများသည် ဤအချင်းအင်္ဂါများနှင့်ပြည့်စုံ၍ ပညာမြောက်သောစကားမျိုးသာလျှင် ဖြစ်ပေသည်။

ပါးစပ်ရှိသောလူတိုင်း စကားပြောဆိုနေကြပေသည်။ သို့ရာတွင် အချို့စကားများသည် နှစ်ဦးနှစ်ယောက်နှင့်သာ သက်ဆိုင်၍ အချို့စကားများမှာ မိသားစုနှင့်သာ သက်ဆိုင်ပေသည်။ အချို့စကားမှာ မြို့ရွာနှင့်ဆိုင်၍ အချို့စကားမှာ တိုင်းပြည်လူထုတစ်ရပ်လုံးနှင့် သက်ဆိုင်ပေသည်။ အချို့စကားမှာ ကမ္ဘာကြီးတစ်ခုလုံးနှင့် သက်ဆိုင်ပေသည်။ ပြောသမျှစကားများသည် သက်ဆိုင်သော အတိုင်းအတာသို့ ပေါက်ရောက်ကြသည်။ သို့ရာတွင် အောင်မြင်သောစကားများက အောင်မြင်၍ လေလှိုင်းခါရုံဖြင့် ပျောက်ပျက်သောစကားက ပျောက်ပျက်သွားကြလေသည်။ အကျိုးကိုပြုသော စကားကပြု၍ အပြစ်ကို ပြုသောစကားက ပြုကြပေသည်။ ကမ္ဘာတည်အောင် ကျန်ရစ်မည့်စကားများကလည်း ကျန်ရစ်ပေမည်။

စကားပြောသူတိုင်း၌ ရည်ရွယ်ချက် ရှိပေမည်။ ရည်မှန်းသော ပရိသတ်အတိုင်းအတာလည်း ရှိပေမည်။ သို့ရာတွင် စကားပြောတတ်သိလိမ္မာသူတို့က အကျိုးရရှိ၍ စကားပြောမတတ်ကျွမ်းသူတို့မှာ အရေးနိမ့်ကြရပေသည်။ ကျွန်ုပ်တို့သည် ဓားမှာ ခုတ်ဖြတ်နိုင်သော လက်နက်ဖြစ်ကြောင်း သိကြသည်။ ကျောက်ခဲသည် ပစ်ပေါက်နိုင်သော လက်နက်ဖြစ်ကြောင်း သိကြသည်။ သို့ရာတွင် စကားကြောင့် အဆိပ်သောက်စေ

mgyoe.com

mgyoe.com


သည်။ စကားကြောင့် မေတ္တာပန်းကို ဆွတ်လှမ်းရသည်။ စကားကြောင့် ရန်သူထွက်ပြေးရသည်။ စကားကြောင့် အလုပ်အကိုင် အဆင်ပြေသည်။ စကားကြောင့် ဝတ်ကြောင်မှ လွတ်အောင် ရန်းသည်။ ဤရွေ့ဤမျှ ထက်မြက်သောစကားကို အကောင်အထည် ဒြပ်မရှိသောကြောင့် လက်နက်ဟူ၍လည်း မထင်ကြချေ။ ကိရိယာ တန်ဆာပလာဟူ၍လည်း အသိအမှတ်မပြုမိပေ။

စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် စကားဖြင့် ခြိမ်းခြောက်၏။ စကားဖြင့် ဝါကြွား၏။ စကားဖြင့် စည်းရုံး၏။ စကားဖြင့် ခိုင်းစေ၏။ စကားဖြင့် နှိမ်၏။ စကားဖြင့် မြှောက်၏။ စကားဖြင့် ရှုပ်ပွေ၏။ နောက်ဆုံး စကားဖြင့် ကိုင်၍ပေါက်ကြ၏။ စကားဖြင့်ပင် တိုက်ခိုက်ကြ၏။ စကားဖြင့် လှည့်ဖြားအသည်းခွဲ၏။ စကားဖြင့် လှုံ့ဆော်၏။ စကားဖြင့် ကုန်းချော၏။ စကားဖြင့် မိတ်ဖွဲ့၏။

အသုံးတတ်လျှင် တတ်သလောက် လိုတရသော လက်နက်စကြာသည် စကားမဟုတ်ပါလော။ သို့ရာတွင် အသုံးတတ်မှ လိုရာကို စေစား၍ရ၏။ ကြားနာရသူ မခံမရပ်နိုင်အောင် သွေးကြွလာပါမှ လှုံ့ဆော်မှုအောင်ပွဲရ၏။ မေတ္တာသက်ဝင် ချစ်ခင်အောင်ပြောတတ်မှ မိတ်ဖွဲ့မှုအောင်ပွဲရ၏။ သေနတ်ရှိသော်လည်း ကိုင်တွယ်ပစ်ခတ်တတ်ရ၏။ ပစ်ခတ်ရန် ခဲယမ်းအလုံအလောက်လည်း ရှိရ၏။ စကားသာ ပြောတတ်၍ စကားစွမ်းမဖော်တတ်လျှင် ပါးစပ်ရှိရကျိုးမနပ်ဘဲ အရှုံးသာပေါ်၏။ စကားအရာ အောင်မြင်သူတို့၏ပါးစပ်တွင် စက်ကိရိယာ အပိုတစ်စုံ တစ်ရာပါသည် မဟုတ်ပေ။

စကားသည် ဈေးအပေါဆုံးလက်နက်လည်း ဖြစ်၏။ လူတိုင်း ပိုင်ဆိုင်သော လက်နက်လည်းဖြစ်၏။ သို့ရာတွင် ဓားချင်းတူစေကာမူ ထက်သောဓားလောက် တုံးသောဓားသည် အသုံးမဝင်ပေ။ ချိန်သား

mgyoe.com

mgyoe.com

တည့်အောင်ပစ်တတ်သူ၏လက်မှ သေနတ်နှင့်မပစ်တတ်သော သူ၏ လက်မှ သေနတ်တို့သည် တန်ဖိုးချင်းမတူပေ။ ထို့ကြောင့် တစ်ဦးနှင့် တစ်ဦး အတူပိုင်ဆိုင်ကြသော စကားလက်နက်သည် တစ်ဦးနှင့်တစ်ဦး အစွမ်းသတ္တိချင်းမတူဘဲ ရှိကြလေသည်။ အစွမ်းထက်အောင်ပြုပြင်၍ အသုံးတတ်အောင်လေ့ကျင့်ကာ နေရာမှန်တွင် သုံးစွဲသူများက အောင်ပွဲရကြ၏။ ပစ်စလက်ခတ်ထား၍ ထိုက်ထိုက်တန်တန် မသုံးတတ်သူအဖို့မှာ အရေးမရဖြစ်နေကြရ၏။ အတောင်ရှိသော သတ္တဝါသည် ခြေဖြင့်သွား၍ မတင့်တယ်သကဲ့သို့ စကားပိုင်သောသူသည် စကားဖြင့် စေစားခြင်းမပြုလျှင် အရှုံးပင် ဖြစ်ပေမည်။ ဆန်လက်ဝယ်ရှိသူသည် ထမင်းငတ်ကောင်းပါသလော။ ယောက်မကို ခါး၌ထိုး၍ လက်နှင့်မွှေလျှင် တင့်တယ်ပါမည်လော။ မြင်းကိုဆွဲ၍ ခြေကျင်သွားလျှင် ခရီးတွင်ပါမည်လော။ မီးအိမ်ရှိလျက် မှောင်ထဲတွင် ထိုင်၍နေအံ့လော။ ဤအချက်များကို စဉ်းစားလျှင် မိမိ၌ရှိသော မိမိပိုင်သော စကား (ဝါ) စကားပြောခြင်း အတတ်ပညာဖြင့် လူ့လောက၏အကျိုးကျေးဇူးကို အမြတ်ရအောင် သို့မဟုတ် အကျိုးရှိအောင် စေစားကြရလိမ့်မည်သာ ဖြစ်ပေသည်။

❐

mgyoe.com

mgyoe.com

## အခန်း ၂
## စကားပြော အခါအခွင့်အမျိုးမျိုး

ကျွန်ုပ်တို့သည် စကားတစ်ခွန်းတလေ ပီပီသသ မှတ်မိပြည် ကြွေးနိုင်စ ကလေးအရွယ်မှစ၍ လုံးဝအသက်ရှုရပ်နားသည့်အချိန်အထိ နေ့စဉ်မပြတ် စကားပြောဆိုနေကြရလေသည်။ လူမှုအသိုက်အအုံတွင် လူအချင်းချင်း ဆက်သွယ်မှုမှာ စကားဖြင့်သာလျှင် ဆက်သွယ်ရပေ သည်။ ထိုသို့ပြောဆိုရသော စကားပြောအလုပ်တာဝန်တွင် သာမန် ပြောဆိုခြင်းထက် ထူးကဲသောအခါအခွင့်များ ပေါ်လာတတ်ပေသေး သည်။ ထိုအခွင့်အလမ်းများသည် အရာအထူး၊ အလုပ်အကိုင်၊ တာဝန် ဝတ္တရားစသည်နှင့် ပုဂ္ဂိုလ်၏အစွမ်းပေါ်တွင်တည်၍ အမျိုးမျိုး အထွေထွေ ရှိရတတ်လေသည်။

### (က) စကားစမြည်ပြောခြင်း

ကျွန်ုပ်တို့သည် အိမ်သားများနှင့်ဖြစ်စေ၊ မိတ်ဆွေများနှင့်ဖြစ်စေ၊ ဧည့်သည်များနှင့်ဖြစ်စေ၊ ခရီးလမ်းကြုံသူများနှင့်ဖြစ်စေ စကားပြောခွင့် ကြုံကြလေသည်။ ဤသို့ စကားပြောခြင်းသည် သာမန်အားဖြင့် စကား

mgyoe.com

mgyoe.com


ပြောပွဲကြီးတစ်ခုအဖြစ် ယူဆမိကြမည်မဟုတ်ပေ။ ပြောရိုးပြောစဉ် ပြောဆိုခြင်းအဖြစ်ဖြင့်သာ ပေါ့ပေါ့တန်တန် သတိထားမိတတ်ပေသည်။ စင်စစ်သော်ကား ဤသို့ ပြောဆိုခြင်းသည်လည်း စကားပြောပွဲတစ်ရပ်ပင် ဖြစ်လေသည်။

နားထောင်သော တစ်ဖက်ပုဂ္ဂိုလ်သည် မိမိစကားကို စူးစိုက်နားထောင်ရာ၌ မိမိ၏စကားပြောစွမ်းရည်သည် များစွာအကျိုးပြုလျက်ရှိသည်ကို မမေ့အပ်ချေ။ စကားပြောကောင်းလျှင် ကောင်းသလောက် မိမိအပေါ်တွင် လေးစားခြင်း၊ မိမိစကားကို လက်ခံခြင်း၊ မိမိဆွဲဆောင်ရာသို့ပါခြင်း စသောအောင်မြင်မှုများကို ရရှိနိုင်လေသည်။ စကားပြောကောင်းသူ၌ ပရိသတ်များ အမြဲဝိုင်းရံလျက်ရှိပြီး စကားပြောဝိုင်းတိုင်း၌ ထိုသူသည်သာ အဓိကဇာတ်ဆောင်ဖြစ်လာရတတ်လေသည်။ သာမန်စကားစမြည်မှပင်လျှင် အရောင်းအဝယ်ကိစ္စ၊ ပညာဖလှယ်မှုကိစ္စ၊ ရင်းနှီးဆက်သွယ်မှုကိစ္စတို့သည် မြစ်ဖျားခံတတ်လေသည်။ အာလာပသလ္လာပစကားကို နားထောင်နေသူများတွင် မိမိအပေါ်၌ အကဲခတ်သုံးသပ်နေသူများ မပါရှိဟူ၍ မဆိုနိုင်ချေ။ မည်သို့ပင်ဖြစ်စေ စကားပြောပြီဟုဆိုလျှင် ပွဲကြီးလမ်းကြီးတစ်ခုကို နွှဲနေပြီဟု မပေါ့မလျော့သဘောထားခြင်းသည် အကောင်းဆုံး ဖြစ်လေသည်။

ဤအရာ၌ ခြင်္သေ့ကို စံပြုစရာကောင်းပေသည်။ ခြင်္သေ့တို့မည်သည် သားကောင်ကြီးကို ဖမ်းရာ၌ဖြစ်စေ၊ သားကောင်ငယ်ကို ဖမ်းရာ၌ဖြစ်စေ အားစွမ်းလုံ့လကို တစ်ညီတည်းထားလေသည်။ သမင်ကိုမဖမ်း၊ ယုန်ငယ်ကိုဖမ်းသည်ဟူ၍ လုံ့လလျှော့ပေါ့ခြင်း မရှိပေ။ ထိုနည်းအတူပင် စကားပြောပြီဆိုလျှင် အကောင်းဆုံးပြောသူဖြစ်ဖို့ကို သာပင် အာရုံစိုက်ရပေလိမ့်မည်။

mgyoe.com

mgyoe.com


## (၁) မိန့်ခွန်းစကားပြောခြင်း

အသင်းအဖွဲ့၊ အစုအဝေး စသည်တို့တွင် အကြီးအကဲအဖြစ်ဖြင့် စကားပြောဆိုသောအခါ လေးမြတ်သမှုဖြင့် မိန့်ခွန်းပြောသည်ဟူ၍ သတ်မှတ်ခေါ်တွင်လေသည်။ မိန့်ခွန်းတို့သည် အကြောင်းကိစ္စအခါ အခွင့်အစုအဝေးကိုလိုက်၍ အရေးကြီးမှု၊ အရေးငယ်မှု ကွဲပြားခြားနား သော်လည်း အပေါ်စီးဖြင့် ညွှန်ပြဩဝါဒပေး၍ ပြောကြားဟန် (ဝါ) ဆရာ တစ်ဆူလုပ်၍ သွန်သင်ဟန်မျိုးကား ပါရှိတတ်ပေသည်။ မည်သို့ပင်ဖြစ်စေ မိန့်ခွန်းနှင့်တူအောင် အလေးအနက်ပြောတတ်ရန်ကား လိုလေသည်။

မိန့်ခွန်းစကားတိုင်းတွင် ရည်ရွယ်ချက်ပါရှိလေသည်။ မိန့်ခွန်း သည် ကြားနာ၍ကောင်းရုံ ဖွဲ့နွဲ့တန်ဆာဆင်၍ ပြောသောစကားသက် သက် မဟုတ်ချေ။ တစ်စုံတစ်ခုကို ရှင်းလင်းပြရန်သော်လည်းကောင်း၊ နှိုးဆော်တိုက်တွန်းရန်သော်လည်းကောင်း၊ သနစ်သနာအကြောင်းကိစ္စ ကို တင်ပြရန်သော်လည်းကောင်း ရည်ရွယ်ရင်း တစ်ခုခု ပါရှိတတ်လေ သည်။ မိန့်ခွန်းသည် မိနစ်အနည်းငယ်မှ နာရီပေါင်းများစွာ ကြာရှည် သောမိန့်ခွန်းမျိုးအထိ ရှိလေသည်။ သို့ရာတွင် မိန့်ခွန်းရှည်များသည် ပကတိ မိန့်ခွန်းသဘောသာမကဘဲ ဟောပြောချက်၊ ရှင်းလင်းချက်များ ရောဝင်နေတတ်ပေသည်။ မိန့်ခွန်းတွင် အရေးကြီးသည်မှာ ပြောဆိုသော အခါအခွင့်နှင့် တိုက်ရိုက်သက်ဆိုင်မှုရှိရန်ပင် ဖြစ်လေသည်။ စာသင် ကျောင်းဖွင့်ပွဲမိန့်ခွန်းတွင် အသားစား ရှောင်ကြဉ်အပ်ကြောင်းကို ထည့်သွင်း ပြော၍ မဆီဆိုင်ပေ။ မိန့်ခွန်းသည် တည်ကြည်လေးနက်၍ အဓိပ္ပာယ် ပြည့်ဝသောစကား၊ တောက်ပြောင်သောစကားများ ပါဝင်ရလေသည်။ အပြောင်အပြက်၊ အရွှန်းအသောများသည် အခြားစကားအမျိုးအမည် တွင် ပါဝင်နိုင်သော်လည်း မိန့်ခွန်းတွင်ပါဝင်မြဲမဟုတ်ပေ။ မိန့်ခွန်းနှင့် ဟောပြောချက်ကို ခွဲခြားသဘောပေါက်ရန်လည်း အရေးကြီးလေသည်။

mgyoe.com

mgyoe.com


## (ဂ) ဟောပြောခြင်း

ဟောပြောခြင်းမှာ ကြားနာသူတို့အား မိမိတတ်မြောက်ကျွမ်းကျင်လေ့လာထားချက်ကို ပြန်လည်၍ အကျယ်ရှင်းလင်းသိကြားစေခြင်းပင်ဖြစ်လေသည်။ မိမိယုံကြည်ချက်၊ ခံယူချက်တို့ကို ပြန်လည်ပြောကြားခြင်းလည်း ပါဝင်လေသည်။ သို့ရာတွင် သင်ကြားပို့ချချက်နှင့်ကားခြားနားစွာ သဘောပေါက်ရန် လိုပေသည်။ ဟောပြောခြင်းသည် ယေဘုယျအားဖြင့် သိမှတ်နားလည်စေရန် ရည်ရွယ်ချက်ပါရှိသော်လည်း တတ်သိနားလည်အောင် သင်ကြားပေးနေသည့်သဘောသို့ကား မရောက်ချေ။ ထို့ကြောင့်လည်း ဟောပြောချက်သည် အခြားစကားပြောခြင်းမျိုးထက် စကားလုံး၊ အကြောင်းအရာ၊ အဖွဲ့အနွဲ့ တန်ဆာဆင်ယင်မှုများ အများဆုံးဖြစ်လေသည်။

ဟောပြောချက်တွင် ပရိသတ်စွဲမက်နှစ်သက်၍ ကြားနာမငြီးအောင် ဆွဲဆောင်ရန် ရည်ရွယ်ချက်ပါရှိလေသည်။ ထို့ကြောင့် တရားဓမ္မဟောပြောပွဲများတွင် သံနေသံထားဖြင့် ဂါထာများ ရွတ်ဆိုပြကြ၍ အခြားဟောပြောပွဲများတွင် သီချင်းကဗျာ စသည်တို့ကိုလည်း ရွတ်ဆိုပြတတ်ကြလေသည်။ စကားကို တိုက်ရိုက်မပြောဘဲ တင်စားသွယ်ဝိုက်၍လည်း ပြောကြလေသည်။ စကားပြောအရည်အချင်းသည် ဟောပြောခြင်းတွင် အထူးပင် ပေါ်လွင်လေသည်။

ဟောပြောပွဲများသည် အကြောင်းအရာအမျိုးမျိုးသို့ နယ်ချဲ့နိုင်လေသည်။ မည်သည့်အရာမျှ ဟောပြော၍မရသည် မရှိချေ။ ဟောပြောသူ၏ စွမ်းရည်ကိုမှီ၍ အသေးအဖွဲ အကြောင်းအရာသည်ပင် စိတ်ဝင်စားဖွယ်ရာ အကြောင်းတစ်ရပ် ဖြစ်လာနိုင်လေသည်။ ဟောပြောသူသည် မိမိဟောပြောမည့် အကြောင်းအရာကို အခြားသာမန်လူများထက် ပိုမိုတတ်သိကျွမ်းကျင်ပြီးဖြစ်အောင်မူကား ကြိုးစားထားရမြဲ ဖြစ်ပေသည်။

mgyoe.com

mgyoe.com


ဟောပြောချက်တွင် အကြောင်းအရာကိုသာမက ပြောဟောဟန်ကိုလည်း လေ့လာအကဲခတ်ကြစမြဲ ဖြစ်လေသည်။ အထွေထွေဗဟုသုတရှာဖွေရေးတွင် ဟောပြောပွဲများ နားထောင်ခြင်းသည်လည်း နည်းလမ်းကောင်းတစ်ရပ် ဖြစ်လေသည်။ တရားအဟော အပြောကောင်းခြင်းဖြင့် မိမိဆွဲဆောင်ရာ လိုရာသို့ ဆွဲဆောင်နိုင်စွမ်းလည်း ရှိလေသည်။ ထို့ကြောင့် 'ဆွယ်တရားဟောသည်' ဟူသော စကားကိုပါ သုံးစွဲလာကြလေသည်။

(ဃ) သင်ကြားပို့ချခြင်း

သင်ကြားပို့ချရာတွင်လည်း စကားကိုပင် အသုံးပြုကြရပေသည်။ သင်ကြားရာတွင် ဟောပြောသည့်သဘော ပါဝင်စေကာမူ သေချာရေရာစွာ တတ်သိနားလည်ရေးကို ရည်ညွှန်းသဖြင့် သင်ကြားပို့ချသူသည် အသေးစိတ် စေ့စပ်စွာ လေ့လာပြင်ဆင်ပြီးမှ ပို့ချကြရစမြဲ ဖြစ်လေသည်။ သင်ကြားရာတွင် အကြောင်းအရာအလိုက် သင်ယူသူများ စိတ်ရွှင်လန်းစေရန် ဟောပြောချက်တွင်ကဲ့သို့ အရွှန်းအသော ဝတ္ထုပုံပြင်အာဝဇ္ဇန်းများကို ထည့်သွင်းပြောဆိုတတ်ကြသော်လည်း စေ့စပ်သေချာစွာ နားလည်စေရန် အာရုံထားရလေသည်။ အပြောဟန်ကို အမွှန်းတင်လွန်းလျှင် သင်ကြားမှုသည် မထိရောက်တော့ဘဲ အားအရှိန် လျော့နေတတ်ပေသည်။ အကြောင်းအရာတစ်ခုခုကို သိရုံထက် ပို၍ လေ့လာဆည်းပူးမိအောင် ရှင်းလင်းပြောပြသည့်အခါတိုင်းတွင် သင်ကြားပို့ချသည်ဟု ခေါ်ဆိုနိုင်လေသည်။ အင်္ဂလိပ်စကားကို သုံး၍ 'လက်ချာရိုက်သည်' ဟူ၍လည်း သုံးနှုန်းကြလေသည်။ ဤနေရာ၌ ကလေးသူငယ်များကို တတ်သိအောင် သင်ကြားခြင်းမျိုးမဟုတ်ဘဲ၊ အရွယ်ရောက်သူများအား ပြောဟောသင်ကြားခြင်းမျိုးကို ဆိုလိုပေသည်။

mgyoe.com

mgyoe.com


ပို့ချသင်ကြားရာတွင် အခြေခံအကြောင်းအရာတစ်ရပ် ပါဝင်မြဲဖြစ်လေသည်။ ထိုအကြောင်းအရာကို အုံဖွဲ့၍ ချဲ့ထွင်ရှင်းလင်းခြင်း၊ အနက်ဖော်ခြင်း၊ ဆီဆိုင်ရာအကြောင်းအရာများကို ဖြည့်စွက်ခြင်း၊ လေ့လာချက်များကို တင်ပြခြင်း စသည်ဖြင့် သင်ကြားပို့ချရလေသည်။ ထို့ကြောင့် စကားပြောပညာရပ်တွင် သင်ကြားပို့ချတတ်ခြင်းသည်လည်း အရည်အချင်းတစ်ရပ်အဖြစ် ပါဝင်နေလေသည်။ အသိချင်း အတတ်ချင်း တူညီစေကာမူ သင်ကြားပို့ချမှုတွင် ပိုင်နိုင်ကျွမ်းကျင်သူသည် အတတ်လွယ်အောင် ကြားနာမှတ်သားချင်အောင် စွမ်းဆောင်နိုင်မြဲဖြစ်လေသည်။

## (င) စကားအချေအတင်ပြောဆိုခြင်း

စကားအချေအတင် ပြောဆိုတတ်ခြင်းသည်လည်း အပြောပညာစွမ်းပြရာ ပြောရေးဆိုခွင့်တစ်ရပ် ဖြစ်လေသည်။ ပွဲသဘင်တစ်ခုအနေဖြင့် အချိန်းအချက်ကန့်သတ်၍ စကားအချေအတင် ပြောသည်ဖြစ်စေ၊ အကြောင်းပေါ်ပေါက်လာသဖြင့် အငြင်းအခုံ၊ အကြိတ်အနယ် တင်ပြပြောဆိုသည်ဖြစ်စေ အချေအတင်ပြောဆိုမှု၏သဘောမှာ ထပ်တူထပ်မျှပင် ဖြစ်လေသည်။ စကားရည်လုသည်ဟုလည်း ခေါ်ကြသော အချေအတင်ပြောဆိုရာတွင် အကြောင်းရင်း မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မိမိတင်ပြလိုရာအချက်ကို ခိုင်မာအောင် နည်းအမျိုးမျိုးဖြင့် ထောက်ခံတင်ပြပြောဆိုရခြင်း၊ တစ်ဖက်က အယူအဆ တင်ပြချက်ကို ယွင်းမှားရာရောက်အောင် အကြောင်းအချက်တို့ဖြင့် ပယ်ရှားရခြင်း၊ တစ်ဖက်က စွပ်စွဲတိုက်ခိုက်ထိပါးသော တင်ပြချက်များကို ပြေလည်ကျေပအောင် ပြန်လည်ချေဆိုချေဖျက်ရခြင်းဟူသော အရည်အချင်းသုံးရပ်ကို အခြေတည်၍ ပြောဆိုရလေသည်။ ဘောပွဲတစ်ပွဲတွင် အင်အားစုတစ်ဖက်

mgyoe.com

mgyoe.com


သည် အခြားတစ်ဖက်သို့ ဂိုးသွင်းတတ်ခြင်း၊ မိမိဂိုးကို လုံခြုံအောင် ကာစောင့်တတ်ခြင်း၊ ဘောလုံးအပို့အယူကောင်း၍ အကွက်စေ့ခြင်းဟူသော အရည်အချင်းများ စုပေါင်းပြည့်စုံရသကဲ့သို့ စကားအချေအတင် ပြောသူသည်လည်း အထက်ဖော်ပြပါ အရည်အချင်းများ ပြည့်စုံရလေသည်။

မိမိတစ်ဦးတည်းက တစ်ဖက်သတ်ဟောပြောရသည်ထက် တစ်ပွဲတစ်လမ်းတည်းတွင် နှစ်ဦးနှစ်ဖက် ယှဉ်ပြိုင်ပြောဆိုရသည့်ပွဲဖြစ်၍ စဉ်းစားဉာဏ်၊ အကျိုးအကြောင်း ဆင်ခြင်မှုဉာဏ်၊ ဖြတ်ထိုးဉာဏ်နှင့် ဗဟုသုတများ၊ ပြောဟန်ဆိုဟန်များပါ ပိုင်ဆိုင်ထားပါမှ အရေးသာနိုင်လေသည်။ ဤစကားပြောခြင်းသည် အခြားစကားပြောခြင်းများနှင့် ကွဲလွဲခြားနားလေသည်။

## (စ) ဆွေးနွေးပြောဆိုခြင်း

အကြောင်းအရာတစ်ခုခုကို တစ်ဖက်သတ်တည်း တင်ပြဟောပြောသည်ထက် အသိအမြင်အယူအဆအချင်းချင်း လဲလှယ်ဆွေးနွေးပြီးမှ ကောက်ချက်ချသည့်စနစ်ကို အသုံးများလာသည့်အခါတွင် ဆွေးနွေးပွဲများ ခေတ်စားလာလေသည်။ သို့ရာတွင် ဆွေးနွေးရာ၌ ပါဝင်သူအားလုံး စိတ်ပါဝင်စားစွာ ဦးဆောင်ဆွေးနွေးကြသည်လည်း ရှိ၍ တစ်ဦးတစ်ယောက်ကသာ ဦးဆောင်ဆွေးနွေးတင်ပြပြီး ကျန်ပါဝင်သူများက အဖြည့်အထောက် အမေးအမြန်းမျှလောက်သာ စွက်ဖက်သည့်အခါလည်း ရှိလေသည်။ ထိုအခါတွင် ဦးဆောင်ဆွေးနွေးသူသည် မိမိတင်ပြလိုရင်းကို အကွက်လည်အောင် ရှင်းလင်းပြောဆိုရသဖြင့် အပြောပညာရပ်သည် အရေးပါ၍ နေပြန်လေသည်။

ဆွေးနွေးပွဲတွင် ဟောပြောပွဲမှာကဲ့သို့တစ်ဦးတည်းက ဆရာတစ်ဆူ

mgyoe.com

mgyoe.com

လွှမ်းမိုးသည့် အရိပ်အဆင်မပါရှိဘဲ ပြေပြေလည်လည်ဖြစ်စေရန် အခြားသူများ၏ ထင်မြင်ချက်ကို တောင်းခံသည့်သဘော မိမိမြင်သိသမျှကိုသာ လမ်းခင်းပေးသည့်သဘော၊ ညှိနှိုင်းလက်ခံလိုသောသဘောများ ပါရှိလာသဖြင့် အပြောအဆို ပါးနပ်သိမ်မွေ့ကျစ်လျစ်ရန် လိုလေသည်။ ထိုမျှသာမက အချေအတင်ပြောပွဲများတွင် အသုံးပြုရသည့် စကားပြောအရည်အချင်းမျိုးလည်း လိုလေသည်။ မိမိဆွေးနွေးတင်ပြမည့် အချက်အလက်များကို ပိုင်နိုင်စွာ လေ့လာပြီးဖြစ်ရန်လည်း လိုလေသည်။ ဆွေးနွေးပွဲများတွင် ဆွေးနွေးပွဲအသွင်မှ ဟောပြောပွဲအသွင်သို့ ရောက်ရှိမသွားစေရန်လည်း ထိန်းသိမ်းရပေသည်။ ဟောပြောပွဲအသွင်သို့ ပြောင်းသွားလျှင် ပါဝင်သော အခြားသူများသည် နှုတ်ဆိတ်ရုံမက စိတ်ပါဝင်စားမှုလည်း လျော့ပါးသွားနိုင်လေသည်။

## (ဆ) အမှုတွင်လျှောက်လဲပြောဆိုခြင်း

အမှုတွင် လျှောက်လဲပြောဆိုရာ၌လည်း ဥပဒေတတ်ကျွမ်းနားလည်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ ပရိယာယ်ကျွမ်းကျင်မှု လာဘ်မြင်မှုတို့အပြင် စကားပြောအရည်အချင်းလည်း များစွာလိုလေသည်။ စိတ်ပညာအစွမ်းဖြင့် စကားပြောဆိုရာတွင် တစ်ဖက်သား၏စိတ်ဓာတ်ကိုလည်း ဆွဲဆောင်ညှို့ယူနိုင်စွမ်းမှု ရှိလေသည်။ လျှောက်လဲပြောဆိုမှုတွင် စကားအချေအတင်ပြောဆိုသည့် စွမ်းရည်မျိုးလည်း လိုလေသည်။ လျှောက်လဲခြင်းသည် အဆုံးအဖြတ်တစ်ခုအတွက် အနိုင်ရရှိရန် ဦးတည်ချက်ဖြင့်ယှဉ်ပြိုင်သော စကားပြောပြိုင်ပွဲကြီးဖြစ်သည်ဟုလည်း ဆိုနိုင်လေသည်။

အမှုတစ်ခုတွင် တရားလို၊ တရားခံနှင့် တရားသူကြီးတို့အပြင် တရားရုံးအမှုထမ်းများ၊ နှစ်ဖက်ရှေ့နေ ရှေ့ရပ်များ၊ သက်သေများနှင့်

mgyoe.com

mgyoe.com


လာရောက်နားထောင်သူများသည် ပရိသတ်များပင် ဖြစ်လေသည်။ အမှု လျှောက်လဲသူသည် တရားလိုဘက်မှဖြစ်စေ၊ တရားခံဘက်မှဖြစ်စေ လိုက်ပါလျှောက်လဲရာ၌ မိမိအမှုသည်အတွက် တရားနည်းလမ်းတကျ အခွင့်အရေးရရှိနိုင်သမျှ ရရှိစေရေးအတွက် ဥပဒေအချက်အလက်များ အတွင်းမှ လိုအပ်သောအဖြေကို ရရှိအောင် တရားလို၊ တရားခံ နှစ်ဖက် သက်သေတို့အားလည်း မေးမြန်းတတ်ရလေသည်။ အမှုစစ်ဆေးသော တရားသူကြီး သဘောပေါက်သိမြင်အောင်လည်း အဖြေများ ထုတ်ယူ ပေ ရလေသည်။ မိမိ ဗဟုသုတကျွမ်းကျင်မှုဖြင့် ဥပဒေအချက်အလက် စီရင်ထုံး အမှုသွား အမှုလာ၊ ယုတ္တိတန်မတန် အချက်အလက်များကို ဝေဖန်သုံးသပ်၍လည်း တင်ပြရလေသည်။ အမှုလျှောက်လဲသူတို့တွင် မိမိမေးမြန်းချက်၊ တင်ပြချက်၊ လျှောက်လဲချက်များကို ရှင်းလင်းနားဝင် လွယ်အောင် မိမိရရ တင်ပြပြောဆိုတတ်ရန် အထူးလိုလေသည်။ အထူး သဖြင့် စကားပြောကောင်းသော ဝတ်လုံ၊ ရှေ့နေရှေ့ရပ်များသည် နာမည် ကြီးကြလေသည်။ ထို့ကြောင့် လျှောက်လဲရာတရားခုံသည် စကားရည် သွေးရာ ပွဲသဘင်တစ်ရပ်ဖြစ်သည်ဟူ၍လည်း ယူဆနိုင်ပေသည်။

## (၉) စာပြော ကွက်စိပ်ပြောခြင်း

စာပြော၊ စာဟောနှင့် ကွက်စိပ်ဟောပြောခြင်းသည် အလွတ် ကျက်စာများကို ရွတ်ဖတ်သည့်ပွဲဖြစ်သည်ဟု သာမန်အားဖြင့် မှတ်ထင် ရစေကာမူ စကားပြောအရည်အချင်း လိုအပ်သော ဟောပြောပွဲပင် ဖြစ်လေသည်။ ရှေးအခါက ဉာဏ်ထက်မြက်သူများမှာ လက်တန်း ပြောဆိုကြ၍ ကျက်စာရွတ်ဖတ်သူများသည်လည်း မိမိတို့စာကို မိမိတို့ ရေးဖွဲ့စီကုံးရသည်သာ ဖြစ်လေသည်။ ကျက်စာကို ရွတ်ဖတ်ရသည့် တိုင်အောင် ဇာတ်လမ်းပါ ဇာတ်ဆောင်အသီးသီး၏ ပြောဟန်သရုပ်ပါ

mgyoe.com

mgyoe.com


စေခြင်း၊ လေယူလေသိမ်းအဖြတ်အရပ် ပီသမှန်ကန်စေခြင်း၊ စကားကို လေးနက်ပေါ်လွင်စေခြင်း၊ ပရိသတ်စိတ်ဝင်စားအောင် ပြောဆိုခြင်း စသော အပြောပညာရပ်များသည် ထိုက်သင့်သလောက် ပါရှိသည်သာ ဖြစ်လေသည်။ ပရိသတ်ရှေ့တွင် ပြောဆိုရခြင်းဖြစ်၍ စကားပြော မကျွမ်းကျင်သူများမှာ ပြောဆို၍ မအောင်မြင်နိုင်ပေ။

သာမန်ပြောဟောတတ်သူသည်လည်း စာပြောကွက်စိပ်ကို ပြော၍ မရချေ။ ကျက်စာလိုအပ်ခြင်းကြောင့်သာမကဘဲ စကားပြောဟန် လေယူလေသိမ်းနှင့် ရဲရင့်မှုအတွက် သင်ကြားလေ့လာမှုများ လိုလေသည်။ စာဟောစာပြောသည် ပရိသတ်ကို ဆွဲဆောင်နိုင်သော အပြောသဘင် တစ်ရပ်ပင်ဖြစ်၍ စကားပြောစွမ်းရည်ပြသည့်အခါ အခွင့်တစ်မျိုးပင် ဖြစ်လေသည်။

## (ဈ) ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်ရှင်စသည်တွင် ပြောဆိုခြင်း

ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်ရှင် စသော ပွဲလမ်းများတွင် ဇာတ်ဆောင် သူ တစ်ဦးတစ်ယောက်နေရာမှ ဇာတ်လမ်းဇာတ်ကွက်ဆိုင်ရာစကားကို ပြောဆိုရသူသည်လည်း စကားပြောအရည်အချင်းရှိရသူ ဖြစ်လေသည်။ ထိုသူများသည် ကြီးမားလှသော ပွဲသဘင်ပရိသတ်ရှေ့၌ ဟောပြောနေရ သူများပင် ဖြစ်လေသည်။ ထိုသူများသည် ရံဖန် ရံခါအားဖြင့် ကျက်စာ သို့မဟုတ် အထပ်ထပ်အခါခါ ပြောဆိုလေ့ကျင့်ပြီးသော စကားများကို ပြောနေကြရသော်လည်း သက်ဆိုင်ရာ ဇာတ်ဆောင်အနေဖြင့် သရုပ်ပေါ် အောင် ပြောဆိုရသဖြင့် အပြောပညာ လိုလေသည်။

ထိုသူတို့၏ပြောဆိုချက်သည် တမင်လုပ်ကြံ၍ ပြောသည့်သဘော၊ ကျက်စာကို ရွတ်ဖတ်နေသည့် သဘောမပါဝင်ရဘဲ၊ ပကတိ အတွင်းစိတ် မှ အခါအခွင့်အလျောက် ထုတ်ဖော်ပြောဆိုနေသည့်သဘာဝကို ပေါ်လွင်

mgyoe.com

mgyoe.com


စေရသည်သာ ဖြစ်လေသည်။ ဇာတ်မင်းသား၊ မင်းသမီး၊ ရုပ်ရှင်မင်းသား၊ မင်းသမီးတို့တွင် ပြောဟန်ဆိုဟန်နှင့်စကား နိုင်နင်းကျွမ်းကျင်သူများမှာ နာမည်ကြီးကြလေသည်။ နာရီပေါင်းများစွာ ပရိသတ်နားမငြီးအောင် စီကာပတ်ကုံး ဖွဲ့နွဲ့ပြောဆိုနိုင်သော ဇာတ်မင်းသား မင်းသမီးများလည်း ရှိလေသည်။ ပြောဆိုနိုင် အောင်လည်း ပြောကွက်၊ ပြောခင်း စကား ဗဟုသုတကို ရှာမှီးလေ့ကျက်ထားကြရလေသည်။

သရုပ်ပြဇာတ်ဆောင်ရာတွင် ပိုင်နိုင်အောင်ပြောဆိုရန် မည်မျှလိုသည်ကို အောက်ပါစကားအညွှန်းဖြင့်ပင် သတိပြုနိုင်ပေသည်။

"ဘယ်သူမှလည်းမပြောနဲ့။ တိုးတိုးပြောရဦးမယ်"

(လေသံနှင့်ပြော)

"လာကြပါဦး အရပ်ကတို့၊ မြွေကြီး မြွေကြီး"

(ကျယ်ကျယ်ပြော)

"ငါဟဲ့ယောက်ျား၊ ဘယ်သူ့မှ ဗိုလ်မထားဘူး"

(အားမာန်နှင့်ပြော)

"ဘာမှအားမငယ်နဲ့၊ စိတ်သာကောင်းကောင်းထား"

(ချော့မော့သံနှင့်ပြော)

"တယ်ခက်တာကိုး၊ ပြောပဲမပြောချင်ဘူး"

(ညည်းတွားသံနှင့်ပြော)

"ဟင်း–နေနှင့်ဦးပေါ့၊ ဘာရမလဲ"

(ငြိုးသံနှင့်ပြော)

"ဘယ်သူက လာသိနိုင်မှာတုံး"

(မာဆတ်ဆတ်ပြော)

"တကယ်လာရမယ်နော် နော် ဒါပဲ သိလား"

(ကန္ဒဲ့ကလျပြော)

mgyoe.com

mgyoe.com


"စာမေးပွဲအောင်ပြီကွ အောင်ပြီ"

(ဝမ်းသာအားရပြော)

"မင်တစ်အိုးလုံးကုန်ပါပြီ"

(နှမြောသံနှင့်ပြော)

"လက်ညပ်နေပြီ ဖယ်စမ်း ဖယ်စမ်း"

(သွက်သွက်ပြော)

"အင်းလေ စဉ်းစားကြသေးတာပေါ့"

(လေးလေးပြော)

ဤသို့လျှင် သရုပ်ပေါ်အောင် ပြောဆိုနည်းမျိုးကိုလည်း လေ့လာထားရလေသည်။

ဖော်ပြခဲ့သော စကားပြော အခါအခွင့်များအပြင် အခြားသော စကားပြော အခါအခွင့်မျိုးများလည်း ရှိပေဦးမည်။ မည်သို့ပင်ဖြစ်စေ တွေ့ကြုံလာသော စကားပြောအခွင့်အလမ်းကို ပိုင်နိုင်စွာ ရယူ၍ အောင်မြင်အောင် ပါဝင်အစွမ်းပြတတ်ရန် လိုပေသည်။ အရောင်းအဝယ် ကိစ္စ၌လည်း စကားပြောတတ်သလောက် ကုန်စွံနိုင်ပေသည်။ ကုန်ပစ္စည်းသည် မည်မျှကောင်းကြောင်း၊ မည်သည့်အတွက် ဝယ်ထိုက်ကြောင်း စသည်တို့ကိုလည်းကောင်း၊ ဝယ်သူကိုလည်းကောင်း၊ အရောင်းအဝယ် ကိစ္စကိုလည်းကောင်း၊ အာဝဇ္ဇန်းရွှန်းရွှန်းဝေဝေနှင့် ဆွဲဆောင်ပြောဆိုနိုင်သဖြင့် အောင်မြင်မှုများ ရရှိတတ်ကြသည်သာဖြစ်၍ ပွဲစားများ၊ အသက်အာမခံကိုယ်စားလှယ်များ၊ အောင်သွယ်များ၊ စည်းရုံးရေးပုဂ္ဂိုလ်များ၊ အရောင်းစာရေးများ စသော ပုဂ္ဂိုလ်များသည်လည်း စကားပြောပွဲများကို နေ့စဉ် ဆင်နွှဲနေကြရသူများ ဖြစ်လေသည်။ ထိုသူများသည်လည်း တွေ့ကြုံသော စကားပြောခွင့်ကို ဟောပြောပွဲ၊ စကားရည်လုပွဲတစ်ခု ပမာထား၍ အောင်မြင်အောင် ပြောဆိုနေကြရသူများ ဖြစ်လေသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် လက်မှုပညာအပြင် နှုတ်မှုပညာဟူ၍ သတ်မှတ်ခဲ့ကြပေသည်။ အသံလွှင့်ရုံမှ ဟောပြောခြင်း၊ ဇာတ်လမ်းသရုပ်ဆောင်ခြင်း၊ ပုံပြောခြင်း၊ ကြေညာချက်ဖတ်ခြင်း၊ သတင်းဖတ်ခြင်း၊ ဝေဖန်ချက်နှင့် အခြားထုတ်လွှင့်ချက်များ ဖတ်ခြင်းတို့သည်လည်း စကားဖြင့် လွှင့်ထုတ်ရသည်သာဖြစ်၍ ရေးသားထားချက်ကို ဖတ်လွှင့်ရစေကာမူ စကားပြောအရည်အချင်းများကို သုံးစွဲရသည့်အခါအခွင့်များ ပါရှိလေသည်။

❒

mgyoe.com

mgyoe.com

## အခန်း ၃
## စကားပြောနည်းများ

**ကြိုတင်အစီအစဉ်ပြုလုပ်၍ ပြောပါ**

စကားပြောတော့မည်ဟုဆိုလျှင် အစီအစဉ်ပြုလုပ်ရမြဲ ဖြစ်လေသည်။ အစီအစဉ် ကြိုတင်မပြုလုပ်ဘဲ လက်တန်းပြောမည်၊ တခဏ္ဍပွတ္တိဉာဏ်ဖြင့်ပြောမည် စသည်ဖြင့် မိမိကိုယ်ကို အထင်ကြီးခြင်းသည် လွဲမှားကြောင်းကို နောင်တရစေတတ်၏။ လက်တန်းပြောဆိုနိုင်စွမ်းမှာ စကားအဖွဲ့အနွဲ့၊ အစီအကုံး၊ အသုံးအနှုန်းသာ ဖြစ်လေသည်။ အကြောင်းအရာကား မပြည့်စုံနိုင်ချေ။ ကြိုတင်အစီအစဉ်ပြုလုပ်ပါမှသာ အကြောင်းအရာများသည် ရှေ့နောက် အစီအစဉ်ကျခြင်း၊ စိတ်ဝင်စားဖွယ်ဖြစ်စေနိုင်ခြင်း၊ အချက်အလက် ပြည့်စုံခြင်း ရှိနိုင်လေသည်။

မိမိမည်သည့်အကြောင်းကို ပြောမည်နည်း။ မည်သည့် အချက်အလက်များကို ထည့်သွင်းပြောဆိုမည်နည်း။ နားထောင်သော ပရိသတ်နှစ်ခြိုက်အောင် မည်ကဲ့သို့ပြောဆိုမည်နည်း။ မည်သည့် အချက်ဖြင့် စတင်၍ မည်သည့်အချက်ဖြင့် အဆုံးသတ်မည်နည်း။ ဤ အချက်များကို ကြိုတင်တွေးဆ၍ စီစဉ်ထားရမည်ဖြစ်လေသည်။

mgyoe.com

mgyoe.com


ဟောပြောချက်များ မိန့်ခွန်းများအတွက် ပြောဆိုမည့် ပဓာန အချက်အလက်များကိုဖြစ်စေ၊ ပြောဆိုမည့် စကားအပြည့်အစုံကိုဖြစ်စေ၊ စာနှင့်ရေးသားပြီးမှ ပြန်လည်ဖတ်ပြပြောဆိုကြသည်ကို တွေ့မြင်ကြဖူးမည်ဖြစ်ပေသည်။ ဤတွင် အချက်အလက်မျှကိုသာ ရေးမှတ်ထားပြီး မိမိအာဝဇ္ဇန်းဖြင့် ချဲ့ထွင်ဖွဲ့နွဲ့၍ နှုတ်လွတ်ပြောဆိုကြသည်ကို နည်းယူရန် သင့်ပေသည်။ ဟောပြောချက် အပြည့်အစုံကို ရေးသားပြီးမှ ပြန်၍ ဖတ်ရွတ် ဟောပြောခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်လေသည်။ ထိုအကြောင်းများမှာ–

၁။ ပြောရမည့်အကြောင်းအရာသည် အမှတ်အသား အကိုး အကား စာမူရင်းများနှင့်တကွ စုဆောင်းရှာဖွေထားသော သုတေသနအကြောင်းရပ်မျိုးဖြစ်၍ အပြည့်အစုံ အစီအစဉ် အတိုင်း တင်ပြလိုရင်းကို မကြွင်းမကျန်၊ မယွင်းမမှားစေဘဲ၊ ပြည့်ပြည့်စုံစုံဖြစ်စေလိုသော အကြောင်းအရာမျိုးဖြစ်ခြင်း။

၂။ အမှားအယွင်း အတိမ်းအစောင်းမခံသော ဝါဒသဘောတရား ရေးရာများ၊ စာချုပ်စာတမ်း၊ ဥပဒေရေးရာဆိုင်ရာ အကြောင်း ရပ်များ စသည်တို့ကို တိကျသေချာစွာ တင်ပြလိုသော ကိစ္စမျိုး ဖြစ်ခြင်း။

၃။ အထစ်အငေါ့၊ အပြတ်အတောက်၊ အမှားအယွင်းမရှိဘဲ ချောမောပြေပြစ်စွာ တစ်ဆက်တည်း ဟောပြောရန်လိုသည့် အသံလွှင့်စာမူမျိုးဖြစ်ခြင်း။

၄။ သက်ဆိုင်ရာ အထက်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့က သဘောတူခွင့်ပြုရန် လိုအပ်သောအခါ၌ စိစစ်နိုင်ရန် ကြိုတင် တင်ပြရသည့် အကြောင်းအရာမျိုးဖြစ်ခြင်း။

၅။ မိမိဟောပြောနိုင်စွမ်းဖြင့် ရုတ်တရက် အစဉ်မပျက် ပြောဆိုရန်

mgyoe.com

mgyoe.com


အခက်အခဲရှိသော ကိစ္စရပ်မျိုးဖြစ်ခြင်း။

၆။ ဟောပြောလိုသည့် အကြောင်းအရာသည် ရှည်လျားလွန်း၍ ဖြစ်စေ၊ အချိန်ကန့်သတ်ချက်၊ အကြောင်းအရာ ကန့်သတ်ချက်တို့ဖြင့် ဘောင်ခတ်၍ ပြောဆိုလိုသောအခါ ချိန်ညှိရန်လိုသည့် ဟောပြောချက်မျိုးဖြစ်ခြင်း။

၇။ တစ်ခဏအတွင်း တွေးထုတ်ပြောဆိုသည်ထက် အချိန်ယူ၍ စဉ်းစားတွေးခေါ် ဖြည့်စွက်ပြင်ဆင်ပြီးမှ ပြည့်ပြည့်ဝဝ တင်ပြလိုသော အကြောင်းအရာဖြစ်ခြင်းဟူ၍ အမျိုးမျိုးရှိနိုင်လေသည်။

သာမန်အားဖြင့် ဟောပြောခြင်း၊ ပြောဆိုခြင်းမျိုးတွင်ကား အကြောင်းအချက်မျှကိုသာ ကြိုတင်စီစဉ်ပြီးနောက် နှုတ်လွတ်ပြောဆိုခြင်းသည်သာ အကောင်းဆုံးဖြစ်လေသည်။ ထိုသို့ ပြောဆိုနိုင်အောင် စီစဉ်ရန်လည်း လိုပေသည်။

ဤတွင် ခြွင်းချက်တစ်ခုမှာကား အစီအစဉ်မကျ၊ ဆွဲ့ဆွဲ့အအ၊ ပြတ်တောင်း ပြတ်တောင်း မပြေမပြစ်သောအားဖြင့် နှုတ်လွတ်ပြောသည်ထက် ကြိုတင်ရေးသား၍ ဖတ်ရွတ်ဟောပြောခြင်းက ပို၍ ကောင်းခြင်းပင် ဖြစ်လေသည်။

စကားပြောဟောရာတွင် အစီအစဉ်ကောင်းခြင်းသည် အောင်မြင်မှုကို တစ်ဝက်ရရှိပြီး ဖြစ်စေနိုင်ပေသည်။

ဦးစွာ ပြောဆိုရမည့် အကြောင်းအရာ အကြောင်းအကျိုးအားဖြင့် ဆက်စပ်မှုအရ အလျင်ပြောဆိုရမည့်အချက် စသည်တို့ကို နောက်မှပြော၍ နောက်မှပြောရမည့်အရာတို့ကို ရှေးဦးပြောမိလျှင် အရုပ်ဆိုးစေနိုင်လေသည်။ ရှေးဦးပြောဆိုရာ၌ ကြွင်းကျန်နေသော အချက်များကို ပြောရင်းဆိုရင်း သတိရလာပါမှ ထပ်ဖြည့်၍ ပြောဆိုနေရခြင်းမျိုးမှာ မကောင်း

mgyoe.com

mgyoe.com


ပေ။ စာကျန်ကို သူ့နေရာနှင့်သူပြန်၍ ညှပ်သွင်းရရှိနိုင်သော်လည်း စကားကျန်ကို ထပ်ဖြည့်ရန် မလွယ်ပေ။ ခေါင်းစဉ်ငယ်တစ်ခုစီအောက်တွင် ပြောဆိုသမျှကို မကြွင်းကျန်အောင် သိမ်းရုံးရပေသည်။ ကြိုတင်အစီအစဉ်ပြုခြင်းမှာ စကားကမောက်ကမ မဖြစ်စေရန်ပင် ဖြစ်လေသည်။

အရေးကြီးသော ဟောပြောချက်များသာမက မိတ်ဆွေတစ်ယောက်နှင့် တွေ့ဆုံပြောဆိုမည့်စကား၊ ချစ်သူနှင့် ပြောဆိုမည့်စကားတို့ကိုပါ ကြိုတင်စီစဉ်နိုင်လေ ကောင်းလေဖြစ်ပေသည်။ ကြိုတင်စီစဉ်ချိန်မရ၍ ရုတ်တရက်ပြောဆိုရသော စကားမျိုးနှင့် ကြုံလာလျှင်ပင် ဖွင့်ထုတ်မပြောဆိုမီ မိနစ်ပိုင်းအတွင်း၌ ဦးနှောက်ဉာဏ်ထဲတွင် အကြောင်းအရာများကို အမြန်ဆုံး စီစဉ်ပြီးမှ ဖွင့်ထုတ်ပြောဆိုခြင်းသည် အကောင်းဆုံးဖြစ်လေသည်။ အစီအစဉ်များကို စိတ်ထဲတွင် မှတ်သားနိုင်အောင်လည်း ကြိုးစားရလေသည်။ အခက်အခဲရှိပါက စာရွက်ပေါ်တွင် ရေးမှတ်ဆောင်ယူနိုင်ပေသည်။ သို့ရာတွင် မှတ်စုစာရွက်တွင် အကျယ်တဝင့် အပြည့်အစုံရေးရန် မလိုပေ။ အကျဉ်းချုပ် ခေါင်းစဉ်အချက်မျှကိုသာ အတိုကောက် မှတ်သားသင့်ပေသည်။ တစ်ချက်မျှ မှတ်စုစာရွက်ကို ပြန်ကြည့်ရုံနှင့် မိမိမှတ်သားချက်တွင် အကျုံးဝင်သော ပြောဆိုဖွယ်ရာများကို တသီတတန်းဖော်ထုတ်နိုင်အောင် စီစဉ်မှတ်သားသင့်ပေသည်။ စကားပြောဆိုချိန်တွင်မှ မှတ်စုကို မကြာခဏပြန်၍ကြည့်ကာ အချိန်ကြာအောင် ရပ်နားနေရခြင်းမျိုးသည် စကားအရှိန်ကို ပြတ်စေလေသည်။

စကားအစီအစဉ်တွင် ကြားနာရသူအား တစ်ချက်ပြီးတစ်ချက် ဆွဲညှို့ထားနိုင်စေရန်လည်းကောင်း၊ လေးသောစကားနှင့် ရွှင်သောစကားကို မျှတစေရန်လည်းကောင်း၊ အချက်အလက်များ တစ်ခုထက်တစ်ခု လေးနက်ပေါ်လွင်လာစေရန်လည်းကောင်း မိမိရည်ရွယ်ချက်အရ အကောင်းဆုံးဖြစ်အောင် စီစဉ်ရမည်ဖြစ်လေသည်။

mgyoe.com

mgyoe.com


အိမ်တစ်လုံးကိုဆောက်လျှင် အိမ်ပုံစံထုတ်ပြီးမှ ဆောက်ရ၏။ ကြိုတင်စီစဉ်မှုမရှိသောအရာသည် သပ်ရပ်တိကျခြင်းရှိမည် မဟုတ်ပေရာ အစီအစဉ်သည် ပြီးမြောက်မှုအတွက် လမ်းညွှန်ပင်ဖြစ်လေသည်။ အစီအစဉ်သည် ပြောထုတ်လိုက်မည့်စကား၏လမ်းကြောင်း အခြေခံပင်ဖြစ်ရာ အစီအစဉ်ကိုလိုက်၍ စကား၏ အကောင်းအညံ့ပေါ်ထွက်ရမည်ဖြစ်လေသည်။

**စိတ်ဝင်စားဖွယ်ရာကို စ၍ ပြောပါ**

"အစကောင်းမှ အနှောင်းသေချာသည်" ဟူသော စကားရှိ၏။ အလုပ်အကိုင်အတွက် လူကိုယ်တိုင် ခေါ်ယူတွေ့ဆုံ၍ ဥပမိရုပ်နှင့် အပြောအဆိုကို စုံစမ်းစစ်ဆေးသောအခါများတွင် ပွဲဦးထွက် ထင်မြင်ချက်ကောင်းမွန်ပါက အောင်မြင်မှုရရှိရန် သေချာ၏။ နောင်အခါသို့ မဟုတ် ပကတိအားဖြင့် စွမ်းဆောင်မှုကို မည်မျှပြနိုင်စေကာမူ ပွဲဦးထွက်တွင် ချွတ်ချော်၍ ဦးကျိုးပါက အထင်အမြင်သေးခြင်းကိုသာ ခံရတတ်၏။ ပွဲကပြသည်ကိုကြည့်လျှင်ပင် ပွဲဦးထွက်ကိုကြည့်၍ အကဲဖြတ်တတ်ကြ၏။ စာအုပ်ကိုဖွင့်၍ဖတ်လျှင် ရှေးဦးစာမျက်နှာကို မြည်းစမ်းကြည့်တတ်ကြ၏။ ထိုဆန်းစစ်နည်းသည် အခါခပ်သိမ်း မှန်ကန်မည်မဟုတ်သော်လည်း လူ၏သဘာဝသည် ဤအတိုင်းသာ ဖြစ်၏။ ထို့ကြောင့် စကားပြောရာတွင်လည်း အစသည် လွန်စွာ အရေးကြီးလေသည်။

"ကျွန်တော်ကတော့ ပြောပါဆိုလို့သာ ပြောရတာပဲ၊ အစီအစဉ်လည်း မရှိပါဘူး" ဟူသော စကားဖြင့် စတင်၍ ပြောသူကို မည်မျှပင် အပြောကောင်းစေကာမူ ပရိသတ်သည် စိတ်ဝင်စားတော့မည် မဟုတ်ပေ။ ထိုသူသည် မိမိကိုယ်ကို မယုံကြည်၍ ကြိုတင်တောင်းပန်ထားပြီးဖြစ်သဖြင့် ပရိသတ်က အထင်မကြီးတော့ပေ။ စကားပြောသည့်အခါ

mgyoe.com

mgyoe.com


ကြိုတင်၍ စီစဉ်ထားရမြဲဖြစ်သော်လည်း "စကားပြောမယ်လို့ စီစဉ်လည်း မထားခဲ့ရဘူး" ဟူသောစကားသည် "စီစဉ်ပြီးမှသာ စကားပြောတတ်မည်၊ အစီအစဉ်မရှိသေးလျှင် စကားမပြောတတ်" ဟူသော သဘောတရားကို ပရိသတ်အား တင်ပြရာရောက်လေသည်။ စကားပြောကောင်းသူမှာ ကြုံရာကို ကောက်ကာငင်ကာ ပြောတတ်ရသူသာဖြစ်၍ အစီအစဉ်ကိုပင် ပြုလုပ်ထားဘိဦး အမှတ်မထင် မစီစဉ်ဘဲထ၍ ပြောနိုင်သည့် အသွင်ကိုသာ ဆောင်သင့်ပေသည်။ ကြိုတင် စီစဉ်ပြီးမှ ပြောဆိုပုံကို ထုတ်ဖော်ပြောပြနေသူမှာ အပြောကောင်းလျှင်လည်း အချီးမွမ်းမခံရသည့်ပြင် အပြောညံ့လျှင်လည်း "ထိုမျှလောက် စီစဉ်ထားပါလျက်နှင့် ညံ့ရလေသလော" ဟု အပြစ်တင်မဆုံး ရှိပေလိမ့်မည်။

စကားပြောသူ၏ စကားတစ်ခွန်း နှစ်ခွန်းမျှကို ပရိသတ်က ကြားမိလျှင် စိတ်အားထက်သန်စွာဖြင့် ဆက်လက် နားဆင်ရန် အားတက်သရော အသင့်နားစွင့်နေသည့်အမူအရာကို တွေ့မြင်စေရပေမည်။ စိတ်ပျက်၍ အာရုံမထား၊ လွင့်ပါးသည့်အမူအရာပေါ်နေလျှင် မည်မျှပင် ပြောဆိုနေစေကာမူ အကျိုးထူးမည်မဟုတ်ပေ။

အရောင်းဆိုင်သည် ရောင်းကုန်ကို လှလှပပ ပြင်ဆင်ပြသထားခြင်းမှာ မြင်ရုံမျှဖြင့် ဝယ်မည့်သူကို ဆွဲဆောင်နိုင်ရန်ပင် ဖြစ်လေသည်။ အသားကောင်းသောအထည်သည် အသွေးအဆင်ကောင်းဖြင့် ဝယ်သူကို ဆွဲဆောင်ရပေသည်။ ပထမ တွေ့မြင်ထိပာပ်မှုသည် အာရုံကို စတင်လှုပ်ရှားနှိုးဆော်ပေးနိုင်သည်ဖြစ်ရာ စကား၏ရှေးဦးပိုင်းတွင် ပရိသတ်ကြိုက်မည့် အချက်အလက်တစ်ခုခုပါဝင်အောင် စတင်ရန် ဂရုပြုရပေမည်။

"ပရိသတ်ထဲမှာ မချမ်းသာချင်တဲ့ လူများပါပါသလား ခင်ဗျား၊ ကျွန်တော်မေးရတာ တခြားကြောင့် မဟုတ်ပါဘူး၊

mgyoe.com

mgyoe.com

ချမ်းသာတဲ့နည်းတွေကို ဖောက်သည်ချမှာဖြစ်လို့ ချမ်းသာပြီးသား လူဆိုရင်လည်း စောစောစီးစီး ပြန်ချင် ပြန်နိုင်အောင်လို့ပါ"

ဤစကားကို ကြားရလျှင် ပရိသတ်သည် ထ၍ပြန်မည် မဟုတ်ဘဲ ချမ်းသာသူတစ်ဦးတလေပါလျှင်လည်း "ဘာတွေများ ထပ်ပြီးသိနိုင်ရနိုင်ဦးမှာလဲ" ဟူသောအတွေးနှင့် ကုပ်ကပ်၍ နားထောင်နေလိမ့်မည်သာ ဖြစ်ပေသည်။

စကားစ၍ပြောသည့်အခါ ကြွားလုံး၊ ဝါလုံး၊ မြှောက်လုံးများနှင့် မုသားတို့ဖြင့် စတင်ပြောဆိုရမည်မဟုတ်ပေ။ သို့ရာတွင် တင်စားမှု၊ ချဲ့ထွင်မှုများဖြင့် ပရိသတ်စိတ်ဝင်စားလေအောင် အပြစ်ကင်းစင်သည့် စကားမျိုးကို စတင်ပြောဆိုနိုင်လေသည်။

"ကျွန်တော့်မှာ တခြားပစ္စည်းဝတ္ထု အထွေအထူးတော့ လက်ဆောင် မပေးနိုင်ပါဘူး၊ ဒါပေမဲ့ စကားလက်ဆောင်ကလေး တစ်ခုတော့ ပေးခဲ့ချင်ပါတယ်"

ဤသို့သော စကားအခံကို ကြားရသူမှာ ကိုယ်ကျိုးမျှော်လင့်ချက်ထားလေ့ရှိသည့် လူသားတို့၏ဓမ္မတာအတိုင်း စိတ်ထဲက "ပြောမှာဖြင့် မြန်မြန်ပြောပါ" ဟူသော နားထောင်ချင်ဇောဖြင့် နောက်ထပ်ဖွင့်ဟလာမည့် ပြောသူ၏နှုတ်ခမ်းများကို အားမလိုအားမရ စောင့်စားနားထောင်ကြမည်မှာ သေချာပေသည်။

စကားပြောခြင်းသည် နားထောင်သူ စိတ်ဝင်စားအောင် ပြောခြင်းပင်ဖြစ်ရာ နားထောင်မည့်သူ စိတ်ဝင်စားမည့်အကြောင်းအရာမျိုးကို ရွေးနုတ်၍ စကားဦးတွင် စောစောစီးစီး အမြည်းပေးရပေမည်။ ပြောသူသည် နားထောင်သူက အကဲခတ်နေသည့်အတိုင်း မိမိစကားပြော အရည်အချင်းကို စောစောစီးစီး ကိုယ်ရည်သွေးပြနိုင်ရပေမည်။

ပရိသတ်သည် လူတစ်ယောက် စကားစပြောသည့်အခါတွင်

mgyoe.com

mgyoe.com


"ဆက်၍ ထိုင်ရကောင်းမည်လား၊ ထ၍ ပြန်ရကောင်းမည်လားဟူ၍ စဉ်းစားတတ်ပေသည်။ "ဒီတစ်ယောက်ပြောတာ ဘယ်လိုနေမလဲ စောင့်ကြည့်ရအောင်" ဟူ၍လည်း အကဲခတ်တတ်ပေသည်။ စကားပြောရမည့်ပွဲတွင် ပြောသူသည် တစ်ဦးတစ်ယောက်တည်းရှိပါမူ မထောင်းတာလှသော်လည်း၊ ပြောသူ အများရှိသည့်အခါ မိမိမှာ နှိုင်းယှဉ်ခြင်းခံရမည် ဖြစ်သဖြင့် ပွဲဦးထွက်ကပင် ဦးမကျိုးစေရန် စကားအစကို အထူးဂရုစိုက်၍ စတင်ရပေမည်။

စကားဦးသည် ပြောသူ၏ လိမ္မာယဉ်ကျေးချင်မှုကို ဖွင့်ပြသည့် အာဝဇ္ဇန်းလည်းပါ၍ ပြောမည့်အချက်၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းရင်းချုပ်လည်း ပါပေလိမ့်မည်။ ထိုနှစ်မျိုးစလုံးသည် ပရိသတ်၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်သည်သာ ဖြစ်လေသည်။

စလျှင်စချင်း၊ ထစ်ငေါ့ခြင်း၊ လွဲမှားခြင်း၊ အပြောကြီးခြင်း စသော ချို့ယွင်းချက်များကို ပရိသတ်က တွေ့ရှိခဲ့လျှင် မိမိ၏စကားထဲမှ အချက်အလက်ကောင်းများပါ အရည်ပျော်၍ ပျောက်ဆုံးရတတ်ပေသည်။

"ခင်ဗျားတို့ ခေတ်နောက်ကျနေတဲ့ သူတွေကို ကြားဖူးနားဝ ရှိအောင် ပညာပေးချင်တဲ့စေတနာနဲ့ ကျွန်တော်ပြောရမှာပါ"

ဟူသောစကားတွင် စေတနာကို မည်မျှလောက် ပေါ်လွင်အောင် အမွှမ်းတင်၍ ပြောနေစေကာမူ၊ ကြားရသေ ပရိသတ်က စိတ်ထဲက ကျိန်ဆဲ၍ မခံချင်အောင်အစပျိုး၍ ထားသဖြင့် ပရိသတ်က ဟုတ်မှန်စေကာမူ ကြားနာလိုကြမည်မဟုတ်ပေ။ "စကတည်းက ယဉ်သကို" ဆိုသကဲ့သို့ ဝင့်ဝါပုတ်ခတ်ခြင်း၊ အပေါ်စီးယူခြင်းဖြင့် စတင်ခြင်းမျိုးသည်လည်း မကောင်းပေ။

ကြံကိုအဖျားမှစ၍ စုပ်လျှင် ပို၍ ပို၍ ချိုသောအရသာကို တိုးတက်ခံစားရ၍ နောက်ဆုံး ပြည့်ပြည့်ဝဝ ချိုမြိန်သောအရသာကို ခံစားရမည်

mgyoe.com

mgyoe.com


ဖြစ်လေသည်။ သို့ရာတွင် အဖျားပိုင်းကို ကိုက်ဝါး၍ "ကြံကလည်း ချိုလည်းမချိုဘူး" ဟူ၍ တစ်ချောင်းလုံး လွှင့်ပယ်ပစ်လိုက်လျှင် ထိုသူသည် ကြံ၏အရသာကို ခံစားမိတော့မည်မဟုတ်ချေ။ ထို့ကြောင့် ကြံတစ်ချောင်းလုံး အဖျားမှစ၍ မကျွေးမိ ချိုသော ကြံအဖြတ်အတောက် တစ်ဆစ်ကို အမြည်းပေး၍ ရှေးဦးစွာကျွေးလျက် ကြံကို အရသာခံ၍ စားတတ်အောင် နည်းပေးခြင်းမှာ သဘာဝကျလေသည်။ ထိုနည်းအတူ ပင် စကား၏အစတွင်လည်း ဆက်လက်နားထောင်ချင်လောက်အောင် ထိမိသည့် အကြောင်းအချက်ပြောကွက်တို့ကို ရှေးဦးတင်၍ မင်္ဂလာယူရ ပေသည်။

လမ်းဘေး မျက်လှည့်ပွဲများကို ခေတ္တခဏဝင်၍ကြည့်မိလျှင် မထွက်ချင်ဘဲဆက်၍ ကြည့်ရှုနေချင်တတ်ပေလိမ့်မည်။ ထိုသို့ ဆက်လက် စိတ်ဝင်စားမှုရရှိခြင်းမှာ ရှေ့တွင် ရှုမြင်ရမည်ကို ကြည့်ချင်ဇောထက်သန် အောင် ဆွဲဆောင်ပြောဆိုမှု ကောင်းခြင်းကြောင့် ဖြစ်လေသည်။ အပြော တွင် ဆွဲဆောင်မှုသည် ရှေးဦးအစကတည်းက ပါရှိနေရမည်ဖြစ်ပေ သည်။ ထို့ကြောင့် စိတ်ဝင်စားဖွယ်ရာမှ စတင် ပြောဆိုပါဟူ၍ ဥပဒေသ, ထားရှိရခြင်း ဖြစ်ပေသည်။

**တိုတိုလိုရင်း အကျဉ်းချုပ်၍ပြောပါ**

အင်္ဂလိပ်မြန်မာ တတိယစစ်ဖြစ်ပွားရပုံကို ရှင်းလင်းဟောပြောရာ တွင် နောက်ခံအကြောင်းဖြစ်သော နယ်ချဲ့သမားများ ဝင်ရောက်လာပုံ၊ ပထမ ဒုတိယစစ်ရေးကိစ္စများ ဖြစ်ပွားခဲ့ရပုံများကို အကျဉ်းရုံး၍ အခြေခံ ကာ ပြောဆိုရှင်းပြမည်ဆိုလျှင် သဘာဝကျသော ပြောဆိုမှုဖြစ်ပေလိမ့် မည်။ သို့ရာတွင် ကမ္ဘာဦးကာလ မဟာဗြဟ္မာကြီးများနှင့် သမ္မတ တင်မြှောက်သည်ကစ၍ ချီးနေလျှင်ကား ရှည်မျော၍ နေပေလိမ့်မည်။

mgyoe.com

mgyoe.com


ဟောပြောချက် ငါးမိနစ်၊ စကားပလ္လင်မိနစ်နှစ်ဆယ်ဖြစ်နေလျှင်ကား ပရိသတ်သည် ညည်းညူရုံမက ကျိတ်၍ ကျိန်ဆဲမည်ပင် ဖြစ်သေသည်။

ဟောပြောပွဲတစ်ခုကို နှစ်နာရီ သုံးနာရီမျှပင် တစ်ဆက်တည်း ဟောပြောနိုင်ပေသည်။ သို့ရာတွင် အကျယ်မချဲ့သင့်သောအရာ၊ အကြောင်း မထူးခြားသော အရာတို့၌ လိုသည်ထက် ပို၍ အချိန်ဆွဲကာ အပိုချဲ့၍ ဖွဲ့နွဲ့ပြောဆိုခြင်းမျိုး မပြုသင့်ပေ။ ဟောပြောချက်မိန့်ခွန်းတို့ကို အချိန်တို၍ အချိန်ရှည်အောင်ဆွဲ၍ မပြောသင့်ပေ။ ပိတ်စကို တိုသည် ဟူ၍ ရှည်အောင်ဆွဲဆန့်လျှင် ပြုတ်ပြတ်၍သာ ထွက်ပေလိမ့်မည်။ အကယ်၍ မရှောင်မလွှဲသာဘဲ ဆွဲ၍ဆန့်ရလျှင် အကြောင်းမဲ့ စကားလုံး များဖြင့် ချဲ့ကား၍မဆန့်ဘဲ အကြောင်းအရာသစ်များ မွမ်းမံ၍ ဖြည့်ဆက် သင့်ပေသည်။ သကြားရည်ကို များစေလို၍ ရေရောလျှင် အရည်ကျဲ၍ အချိုပေါ့ပေလိမ့်မည်။ သကြားရော ရေပါ ထပ်၍တိုးပါမှ အရည်စံချိန် မလျော့ဘဲ တိုးပွားများပြားလာပေလိမ့်မည်။ ထို့ကြောင့် စကားကို လိုသည်ထက် ဆွဲ၍မပြောသင့်ပေ။

ယခုခေတ်တွင် လုပ်အား၊ အချိန်အားသည် တန်ဖိုးကြီးမြင့်လျက် ရှိရာ ပြောသူသည်လည်းကောင်း၊ နားဆင်သူသည်လည်းကောင်း၊ မလိုအပ်ဘဲနှင့် အချိန်ကို ဖြုန်းတီးနေရန်မသင့်ပေ။ အရေးပါသောကိစ္စ ကို ပြောရန်၊ နားထောင်ရန်အတွက် အချိန်ဖြုန်းရမည်ဆိုလျှင် ဖြုန်းပျော်ပေ သေးသည်။ အကြောင်းအရာမထူးဘဲ ဆွဲဆန့်ပြောဆိုနေသည်ကို နားထောင်ရသူသည် နေရာမှထသွား၍ မလျော်သဖြင့် ဝင်္ခခံကာထိုင်နေရ စေကာမူ ဖင်တကြွကြွနှင့် မြန်မြန်ပြီးပါတော့ဟု စိတ်ကတောင့်တ၍ နေပေလိမ့်မည်။ ငြီးငွေ့လာပြီဖြစ်သော အပိုင်းတွင်စကားကောင်း မည်မျှပါဝင်စေကာမူ ပရိသတ်သည် စိတ်ဝင်စားတော့မည် မဟုတ်ပေ။

စကားများခြင်း၊ ဖွာခြင်းသည် စကားပြောကောင်းခြင်း မဟုတ်ပေ။

mgyoe.com

mgyoe.com


အကြောင်းအကျိုးနှင့်စပ်သောစကားသည်သာ များ၍ ကောင်း၏။ ဖွဲ့အခွံကဲ့သို့ အနှစ်မရှိသောစကားသည် တန်ဖိုးမရှိပေ။ စကားရှည်အောင်ဟောပြောရေးထက် အနှစ်အသားပါအောင် ဟောပြောရေးကိုသာအားထုတ်ကြိုးပမ်းသင့်ပေသည်။

စကားကြောရှည်ခြင်းကို လူစက်ဆုပ်ကြ၏။ စကားကြောသည်စကားအနှစ်သာရမဟုတ်ချေ။ စိတ်ဝင်စားဖွယ်ရာစကားကို အချိန်မည်မျှကြာစေကာမူ နားထောင်လိုကြ၏။ စကားရှည်၍ အချက်အလက်တစ်ခုသာ ပါသည်ထက်၊ စကားတို၍ အချက်အလက်တစ်ခုပါသည်ကို နှစ်လိုကြမြဲဖြစ်ပေသည်။

> "ကျွန်တော်တို့လွတ်လပ်ရေးကို မြတ်နိုးကြရမယ်၊ လေးစားကြရမယ်၊ ခုံမင်ကြရမယ်၊ တန်ဖိုးထားကြရမယ်၊ အထွတ်အထိပ်ပြုကြရမယ်၊ ဦးစားပေးကြရမယ်၊ ထိပ်ပေါ်မှာ တင်ကြရမယ်၊ အဓိကထားကြရမယ်၊ ရှေ့ဦးတင်ကြရမယ်၊ ထိပ်ဆုံးပို့ကြရမယ်"

လေးနက်စေရန်နှင့် စကားလုံးကြွယ်ကြောင်းကို ကြွားဝါရန်ပြောဆိုရာ၌ နှစ်ခွန်း၊ သုံးခွန်း၊ ဆင့်သော် တော်သင့်သေး၏။ လိုသည်ထက်ပို၍ စကားလုံးကို ခြစ်ခြုတ်နှိုက်ချွတ်၍ သုံးစွဲနေခြင်းဖြင့် စကားသာရှည်၍ လူလေးစားမည်မဟုတ်ပေ။ နောက်ထပ်မကြားချင်အောင် ငြီးငွေ့၍ လာစေသည်သာမက စိတ်မရှည်သူတို့က ရယ်မောလှောင် ပြောင်တတ်ချေသေး၏။ တော်ရုံသာကောင်း၏။

> "အရင်းရှင်စနစ်ကို ချေမှုန်းရမယ်၊ အရင်းရှင်စနစ်ကို မချေမှုန်းရင် မဖြစ်ဘူး၊ အရင်းရှင်စနစ်ကို ချေမှုန်းမှဖြစ်မယ်၊ အရင်းရှင်စနစ်ကို မချေမှုန်းဘူးဆိုရင် ချေမှုန်းသလို အကျိုးမရှိနိုင်ဘူး၊ အရင်းရှင်စနစ်ကို ချေမှုန်းမှ မချေမှုန်းတာထက် သာမယ်၊ အရင်းရှင်စနစ်ကို ချေမှုန်းခြင်းဖြင့် မချေမှုန်းတဲ့အပြစ်ကို ဖြေဖျောက်

mgyoe.com

mgyoe.com


နိုင်မယ်၊ ဒါကြောင့် အရင်းရှင်စနစ်ကို ချေမှုန်းရမယ်"

စကားလုံးများ ထပ်ဆင့်နေသည့်အတွက် အဓိပ္ပာယ်သည် လေးနက်ပေါ်လွင်ရမည့်အစား ရှုပ်ထွေးမှိန်ဝါး၍ ဆိုလိုရင်းပျောက်တတ်လေသည်။ တစ်ချက်ပစ် တစ်ချက်မှန်ခြင်းက ဆယ်ချက်ပစ်၍ နှစ်ချက်မှန်ခြင်းထက် ပို၍ကောင်းသည်ကို သတိပြုသင့်လေသည်။

စကားကို ဖွဲ့နွဲ့တန်ဆာဆင်ခြင်းနှင့် စကားကြောရှည်ခြင်းကို ခွဲခြားနားလည်သင့်လေသည်။ ပရိသတ်နားရှင်းအောင် ဆင့်၍ ဆင့်၍ ဖွင့်ဆိုနိုင်ပေသည်။ ရှင်းလင်းသည်ထက် ပိုလွန်၍ ဖွင့်ဆိုနေခြင်းသည် ပရိသတ်ကို ညှဉ်းဆဲရာရောက်လေသည်။

သရက်သီးကို ပစ်သောခဲသည် သရက်သီးကို ထိမှန်ကြွေကျစေလျှင် တော်လောက်ပြီ ဖြစ်လေသည်။ မိုးပေါ်ကစွန်ကို ဆက်၍ ထိမှန်အောင် ဆက်လက်မြောက်တက်စေရန် အားမထုတ်သင့်ပေ။ အရှည်အတိုအတိုင်းအဆပမာဏသည် ရည်မှန်းချက်နှင့် ကိုက်ညီ ဟပ်စပ်ရန် လိုလေသည်။

စကားတိုတို ပြောဆိုရမည်ဆိုသဖြင့် ပလ္လင်ခံရုံမျှနှင့် "ကဲ ဒါပါပဲ" ဟု နိဂုံးချုပ်ရန် မလိုပေ။ အကြောင်းအရာ ပြောစရာများလျှင် စကားရှည်ရပေမည်။ သို့ရာတွင် အချက်အလက်များကို တိုတိုနှင့်ထိမိအောင် အကျဉ်းရုံး၍ တင်ပြသွားရန်သာ ဖြစ်ပေသည်။ စကားရှည်ခြင်းမှာ ပရိသတ်မငြီးငွေ့လေသမျှ ခွင့်ပြုနိုင်မည်သာ ဖြစ်ပေသည်။ စကားရှည်မျောခြင်းကြောင့် ဆိုလိုရင်း အကွက်မလည်ဘဲ ဘေးသို့အံချော်ထွက်ခြင်း၊ ဘောင်ပြန်၍ဝင်အောင် စကားမသိမ်းမကျွပ်တတ်ခြင်းတို့သည် ရှည်လေလေ အကျိုးမဲ့စေလေလေပင် ဖြစ်သည်။

စကားရှည်လုပ်ပွဲများတွင် အချိန်ကို ကန့်သတ်ပေးထားလေ့ရှိလေသည်။ ထို့ကြောင့် ပြောစရာမကုန်မချင်း ပြောဆိုနေနိုင်ခွင့်မရပေ။

mgyoe.com

mgyoe.com

ပြောစရာကို ကန့်သတ်သောအချိန်နှင့် အံကျအောင် ချင့်ချိန်ရလေသည်။ အထိမိဆုံးသော စကားမျိုးကိုသာ ရွေးချယ်စုစည်းရလေသည်။

"ကျွန်တော် နိဂုံးချုပ်ပါတော့မယ်" ဟု စကားခံကာ ဆက်၍ ပြောနေပြီးမှ တစ်ဖန်ထပ်၍ "ကျွန်တော် နိဂုံးချုပ်ပါပြီ" ဟု ပြောကာ စကားမဆုံးနိုင်သောသူကို ပရိသတ်သည် ရယ်မောရုံသာမက၊ ထိုသူ၏ စကားများကိုပါ မေ့ဖျောက်ပစ်လိုက်တတ်လေသည်။ "ဒီတစ်ခါ တကယ် နိဂုံးချုပ်ပါပြီ" ဟုဆိုသည့်တိုင်အောင် နောက်ထပ် နာရီဝက်ခန့် ကြာပေဦးတော့မည်ဟု ပရိသတ်က စိတ်ပျက်မည်သာ ဖြစ်လေသည်။ ဟောပြောပွဲများတွင် စကားကြောရှည်သူ တစ်ဦးတလေကြောင့် ပရိသတ်ထ၍ ပြန်သဖြင့် ပွဲပျက်ရသည်ကိုပင် တွေ့ရဖူးလေသည်။ မပြောဘဲနေလျှင် ကောင်းပြီး ပြောကာမှ ပရိသတ်က ရွံ့မုန်းစရာဖြစ်လာရခြင်းမှာ ပြောရကျိုး မနပ်စေတော့ပေ။ ထိုသူမျိုးဟောပြောမည်ဟုသိလျှင် ပရိသတ်က ကြိုတင်၍ ထပြန်တတ်ကြလေသည်။

အကျဉ်းရုံး၍ ပြောသည့်တိုင်အောင် ပရိသတ်က စကားအရသာ မတွေ့၍ ငြီးငွေ့ပုံပေါ်လာလျှင်ပင် အကြောင်းအရာကို ပြောင်း၍ စိတ်ရွှင်လာအောင် တစ်မျိုးဆွဲဆောင်ရပေသည်။ ထိုသို့ နိုင်နင်း ကျွမ်းကျင်မှု မရှိလျှင်ကား စကားကို တိုတိုနှင့် ရပ်လိုက်ခြင်းသည် အကောင်းဆုံး ဖြစ်လေသည်။

အချို့စကားပြောသူများသည် စကားပလ္လင်ကို ရှည်ရှည် ဝေးဝေး နိဒါန်းပျိုးနေသည်နှင့်ပင် ဘာအကြောင်းကို နားထောင်ရမည် မသိဘဲ ပရိသတ်က စိတ်ပျက်ကြရလေသည်။ စကားမပြောတတ်သူများမှာ နိဒါန်းချဲ့သလောက် အချက်ကျကျပြောရမည့်နေရာတွင် မပြောတတ်တော့ဘဲ အတိုရုံးရတတ်လေသည်။ အရည်သာများ၍ အဖတ်မပါသော ဟင်းကို တိုက်ကျွေးသည်နှင့် တူလေသည်။ အကြောင်းမဲ့စကားကို

mgyoe.com

mgyoe.com


လေရှည်ဆွဲ၍ ပြောတတ်တိုင်း အချက်ကျကျစကားကို ထိမိအောင် မပြောတတ်လျှင် စကားပြောသူ၏ အောင်မြင်မှုသည် မရှိနိုင်ပေ။

ထို့ကြောင့် တိုတိုနှင့် လိုရင်းကို ခြုံ၍ပြောဆိုကြရန် လိုလေသည်။

**စာမဆန်အောင်ပြောပါ**

မြန်မာဘာသာတွင် စာနှင့် စကားဟန်သည် ခြားနားကွဲလွဲ၏။ စာရေးသည့်အခါ စာဟန်နှင့်ရေး၍ စကားပြောသည့်အခါ စကားဟန်နှင့် ပြော၏။ နမူနာရရုံမျှဖော်ပြရသော် စာဟန်သည် အောက်ပါအတိုင်း ဖြစ်၏။

"အလုပ်ကို တန်ဖိုးထားသောသူ မည်သည်မှာ အလုပ်ရုံသို့ အချိန်မှန်စွာ တက်၏။ အလုပ်ကို အလွန်ကြိုးစား လုပ်ကိုင်၏။ အဘယ်ကြောင့်ဆိုသော် အလုပ်ကို ကြိုးစားမှ မိမိ တာဝန်ကျေ မည်ဟု သိထားသောကြောင့် ဖြစ်၏။"

ဤအကြောင်းအရာများကို စကားအနေဖြင့် ပြောဆိုသောအခါ ဤအတိုင်း ဖတ်ရွတ်၍ မဖြစ်တော့ပေ။ ဤအတိုင်း ဖတ်ရွတ်လျှင် စာဆန်၍ နေမည်သာမက စာကိုဖတ်နေသည်ဟု အထင်ရောက်၍ ပရိသတ်သည် စိတ်ဝင်စားမည်မဟုတ်ပေ။ စကားသည်သာ ပြောသူနှင့် နားထောင်သူကို ပူးပေါင်းချဉ်းကပ်မိအောင် ရင်းရင်းနှီးနှီး ဆက်စပ်ပေးနိုင်စွမ်း ရှိလေသည်။ ထို့ကြောင့် ပျော့ပျောင်းပြေပြစ်ရင်းနှီးသော စကားဟန်ဖြင့်ပြောမည်ဆိုလျှင်–

"အလုပ်ကို တန်ဖိုးထားတဲ့ လူဆိုတာဟာ အလုပ်ရုံကို အချိန်မှန်မှန်တက်တယ်၊ အလုပ်ကို အင်မတန် ကြိုးစားလုပ်ကိုင် တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ကို ကြိုးစားမှ သူ့တာဝန် ကျေမယ်ဆိုတာကို သိထားလို့ဖြစ်တယ်"

mgyoe.com

mgyoe.com


ဟူ၍ ပြောဆိုရမည် ဖြစ်လေသည်။ ဤစကားဟန်နှင့် အထက်က စာဟန်ကို နှိုင်းယှဉ်ကြည့်လျှင် မည်သို့ကွဲလွဲခြားနားသည်ကို သိရှိနိုင်မည် ဖြစ်လေသည်။

ပရိသတ်သည် စကားကိုသာ နားထောင်နေခြင်း ဖြစ်လေသည်။ စာဖတ်ပြသည်ကို ကြားနာနေခြင်းမဟုတ်ပေ။ မိမိမဖတ်တတ်သောစာ သို့မဟုတ် မဖတ်နိုင်သောကြောင့် သူတစ်ပါးကို ဖတ်ခိုင်းရသောစာတို့ကို နာကြားနားထောင်သည်မှာ တခြားဖြစ်၏။ ဟောပြောပွဲစသော စကားပြောပွဲတွင် နားထောင်သည်မှာကား စကားကိုနားထောင်ခြင်းသာ ဖြစ်၏။ စကားသည် ထပ်ဆင့်ဘာသာပြန်ရန်၊ အဓိပ္ပာယ်ဖွင့်ရန်မလိုဘဲ နားထဲသို့ ရှောရှောရှူရှူဝင်၏။ စာသည် မျက်လုံးမှတစ်ဆင့် အသိဉာဏ်ထဲသို့ ဝင်၏။ စကားသည် နားမှ တစ်ဆင့် အသိဉာဏ်ထဲသို့ဝင်၏။ ထို့ကြောင့် လက်ခံရာလမ်းကြောင်း ကွဲလွဲသည့်အတိုင်း၊ သူ့လမ်းနှင့်သူ ပြေလည်သောအရာကို အသုံးပြုရ၏။ မီးရထားသံလမ်းပေါ်တွင် မီးရထားသာလျှင် ချောချောမောမာလိမ့်သွားနိုင်၍ မော်တော်ကားလမ်းပေါ်တွင် မော်တော်ကားသာလျှင် ချောချောမောမော လိမ့်သွားနိုင်၏။ စာဟန်စာသွားကို နားမှတစ်ဆင့် သွင်းသောအခါ ဓာတ်အားမတူသော ဓာတ်အားအမျိုးအစားကို ဓာတ်အားပြောင်းကိရိယာဖြင့် ပြန်ညှိပေးရသကဲ့သို့ နားနှင့်ဉာဏ်အကြားတွင် ထပ်ဆင့်လွှဲပြောင်း ပြန်ဆိုပေးနေရခြင်းကြောင့် အဝင်မချောမောဘဲ ရှိရ၏။

စကားပြောဟန်သည် တိုက်ရိုက်ကျခြင်း၊ နားဝင်လွယ်ခြင်း၊ ပေါ့ပါးသွက်လက်ခြင်းတို့ကြောင့် နားသည် စကားကိုသာ ယဉ်ပါးမြဲဖြစ်၏။ စကားပြောသည့်အခါတွင် မလွှဲမရှောင်သာဘဲ စာအကိုးအကားများ ပါရှိတတ်သေး၏။ ထိုအခါမျိုးတွင် စာဟန်အတိုင်းရေးသော စာပိုဒ်ကို အတိုအထွာသွင်းညှပ်၍ ပြောဆိုရွတ်ဖတ်ပြနိုင်၏။ သို့ရာတွင် စာပိုဒ်

mgyoe.com

mgyoe.com

များကို ငြီးငွေ့လောက်အောင် ရှည်လျားစွာ ဖတ်ပြနေရန်မလိုပေ။ ပကတိ မူရင်းစာအတိုင်း ထည့်သွင်းတင်ပြရန်လိုပါမှလည်း ထည့်သွင်းသင့်၏။ မည်သည့်စာပေ၊ မည်သည့်ကျမ်းတွင် မည်သို့ဆိုထားသည်ဟု စကားနှင့် တစ်ဆင့် ပြန်လည်တင်ပြ၍ ဖြစ်နိုင်ကစကားကိုသာ သုံးသင့်၏။ မူရင်း အာဘော်အတိအကျကို လိုပါမှ စာအတိုင်း ဖတ်ရွတ်ရ၏။ ကိုးကားချက် သည် ရှည်လျား၍မလိုသော စကားအဆက်များ ပါဝင်နေမည်ဆိုက လိုရာအပိုဒ်ကိုသာ ကွင်းထုတ် ဖတ်ရွတ်ရ၏။ အကယ်၍ ကိုးကားရင်း အချက်နှစ်ပိုဒ်သည် အဆက်အစပ် ဝေးကွာနေ၍ ဆက်စပ်ပေးရန် လိုအပ် ခဲ့လျှင် ပထမစာပိုဒ်ကို ဖတ်ပြပြီးသော်ကြားမှ မြုပ်ချန်ထားသော စာပိုဒ် ရှည်အစား၊ သဘောအဓိပ္ပာယ်ကို စကားဖြင့် ဖြည့်ဆက်ပေးပြီးမှ ဒုတိယ စာပိုဒ်ကို ဖတ်ပြနိုင်လေသည်။

စာရေးလျှင် စကားဟန်နှင့်ရေးက စာမပြောက်ဘဲ ဟန်ပျက်ဘိ သကဲ့သို့ စကားကို စာဟန်ဖြင့်ပြောလျှင်လည်း စာဆန်၍ နားငြီးငွေ့ဖွယ် ဖြစ်စေရတတ်၏။ ဓားသည် ခုတ်ဖို့ဖြစ်၍ တူသည် ထုဖို့ဖြစ်ပေရာ ဓားနှင့် ထု၍ တူနှင့်ခုတ်ဖြတ်လျှင် သဘာဝကျမည်မဟုတ်ပေ။ စာအုပ်သည် လူမဖြစ်စကောင်းဘိသကဲ့သို့ လူသည် စာအုပ်မဖြစ်သင့်ပေ။

ရှေးအခါက စာသင်ကျောင်းများတွင် စာအုပ်မှ စာပိုဒ်ကို ဖတ်ပြ ပြီးနောက် မှတ်မိသည့်အဓိပ္ပာယ်ကို စကားဖြင့် ပြန်ပြောခိုင်းလေ့ရှိ၏။ နှုတ်ဖြင့်ပြောသောစကားကိုလည်း ပေးစာအဖြစ် လေ့ကျင့်ရေးသားစေခဲ့ ၏။ ယင်းမှာ စာနှင့် စကားအပြန်အလှန် ပြောင်းလဲနိုင်စွမ်းသော အကျင့် ကိုရရှိစေခြင်း ဖြစ်လေသည်။

ထိုမှတစ်ပါး ဟောပြောချက်များတွင် စာရင်းအင်းဇယားများကို ဖတ်ရွတ်၍ ပြတတ်သေး၏။ သာမန်နားထောင်သူ၏ ရည်ရွယ်ချက်တွင် စာရင်းဇယား ကိန်းဂဏန်း အတိအကျကို သိလိုစိတ်မရှိပေ။ သိလိုသော

mgyoe.com

အခါအခွင့်လည်း မဟုတ်ပေ။ အကယ်၍ သိလိုက စာအုပ်စာတမ်းကို ဖတ်မည်သာဖြစ်၏။ သို့မှုလည်း မှတ်မိနိုင်မည်ဖြစ်၏။ ထို့ကြောင့် စာရင်းဇယားရှည်ကြီးများကို ရွတ်ဖတ်ပြနေခြင်းမျိုးကို ရှောင်ကြဉ်အပ်၏။ ပုံစံအားဖြင့်–

"၁၉၆၃ ခုနှစ်က မြန်မာပြည်လူဦးရေဟာ နှစ်ဆယ့်သုံးသန်း ခုနှစ်သိန်းသုံးသောင်းငါးထောင်ရှိပြီး ၁၉၆၄ ခုနှစ်မှာတော့ နှစ်ဆယ့်လေးသန်းနှစ်သိန်းနှစ်သောင်းကိုးထောင်အထိ တိုးတက်လာပါတယ်"

ဟူ၍ ပြောဆိုခဲ့လျှင် ထိုကိန်းဂဏန်းများကို နားထောင်၍သာ နေရပြီး မည်မျှတိုးတက်လာသည်ကိုလည်း စိတ်တွက်ဖြင့် နတ်၍ တွက်ချက်ကြည့်နိုင်ကြမည်မဟုတ်ပေ။ တွက်ချက်နေလျှင်လည်း ရှေ့က စကားကို ဆက်၍ ကြားနာနိုင်တော့မည်မဟုတ်ပေ။ သန်းဂဏန်းမှ သိန်း၊ သောင်း၊ ထောင်ဂဏန်းများကို ဆက်၍ မှတ်နေရသည်နှင့်ပင် သန်းပေါင်း မည်မျှဟူသော ပမာဏကိုပင် ကွက်ကွက်ကွင်းကွင်း မမြင်ဘဲ အာရုံပြုတ်၍ သွားတတ်လေသည်။ ထိုမျှ အသေးစိတ်ကိန်းဂဏန်းကို မည်သူကမျှ အတင်းအကျပ်တောင်းဆိုနေသည်လည်း မဟုတ်ပေ။ ဆိုလိုရင်းစကားတွင်လည်း ပို၍ အထောက်အပံ့မပြုပေ။ အချို့က "တို့မသိဘဲ ဂဏန်းတွေ မှန်းရမ်းရွတ်သွားတာ၊ ဟုတ်ချင်မှဟုတ်မှာ" ဟူ၍ပင် အထင်သေးတတ်ကြပေသေးသည်။

ထို့ကြောင့် လိုအပ်သလောက်သာ ပြောမည်ဆိုလျှင်–

"၁၉၆၃ ခုနှစ်က မြန်မာပြည်လူဦးရေမှာ ၂၃ သန်း ကျော်ရှိပြီး ၁၉၆၄ ခုနှစ်မှာ ၂၄ သန်းကျော်ရှိလာတဲ့အတွက် ၁ သန်းလောက် တိုးတက်လာပါတယ်"

စသည်ဖြင့်သာ အထုအထည်ကို ထင်သာမြင်သာအောင် ပြောဆို

mgyoe.com

mgyoe.com


ရပေသည်။ ကိန်းဂဏန်းများကို ကိန်းအနည်းဆုံး ခန့်မှန်းချက်ကိုသာ သုံးစွဲ၍ အလွန်ရှည်လျားသော စာရင်းဇယားများကိုလည်း ရှောင်ရှားသင့်ပေသည်။ စကားပြောခြင်းသည် ဆောင်းပါးရေးခြင်း မဟုတ်ချေ။

စာဖြင့် ရေးထားချက်ကို နောက်ပိုင်းမမှတ်မိ၍ ပြန်ဖတ်လျှင်လည်း တစ်ခေါက်မက အခေါက်ခေါက် ရနိုင်ပေသည်။ သို့ရာတွင် စကား၌ ပြောခဲ့ပြီးသည်ကို မကြားလိုက်၍လည်းကောင်း၊ နားမရှင်း၍လည်း ကောင်း၊ မမှတ်မိ၍လည်းကောင်း ပြန်နားထောင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် စာကဲ့သို့မပြောဘဲစကားတွင် ရှင်းလင်းမှတ်မိနိုင်သလောက် ကိုသာ ထည့်သွင်း၍ ပြောဆိုသင့်ပေသည်။ ဝါကျရှည်များ "သော်လည်း ကောင်း" ပေါင်းများစွာပါသော စာပိုဒ်များ "ဝါတစ်နည်းကား" ပေါင်းများစွာပါသော စကားရှည်များသည် ပရိသတ်၏ ရတ်တရက် တစ်ဆက်တည်း မှတ်မိငုံမိနိုင်သော ဉာဏ်အတိုင်းအတာကို လွန်၍ သွားတတ်သဖြင့် ရှေ့ကပြော၍ နောက်ကပျောက်ပြီးလျှင် ကြားရသူ၌ အဓိပ္ပာယ် ပြည့်ပြည့်စုံစုံ မမှတ်မိနိုင်ဖြစ်ရတတ်ပေသည်။ စကားပြော ဝါကျများသည် ရှင်းလင်းပြတ်သား၍ တိုတောင်းမှတ်မိလွယ်စေရန် အထူးဂရုပြုရပေသည်။ စာရေးဟန်အတိုင်း တန်ဆာဆင်လွန်း၊ ဖွဲ့လွန်း ပါက စာဆန်၍ စကားကောင်းမဖြစ်နိုင်တော့ပေ။ စာနှင့်ရေး၍ ပြောစေ ကာမူ စကားကိုသာချ၍ ရေးရပေသည်။ စာကိုရေး၍ မရွတ် မပြော သင့်ပေ။

**စကားဝေဆာအောင်ပြောပါ**

ပါးစပ်ရှိသောလူတိုင်း စကားပြောတတ်ပေသည်။ သို့သော် စကား ကို လိုရင်းတုံးတိတိ ပြောတတ်ခြင်းနှင့် နားထောင်၍ကောင်းအောင် ကြားနာသူအား ဆွဲဆောင်နိုင်အောင် ဝေဝေဆာဆာ ပြောတတ်ခြင်းဟူ၍

mgyoe.com

 mgyoe.com 

နှစ်မျိုးကွဲပြားပေသည်။ ကြားနာသူ စွဲမက်အောင် ပြောတတ်ခြင်းမှာ ပညာတစ်ရပ်ဖြစ်လေသည်။

"အမြတ်ကြီးစား ခေါင်းပုံဖြတ်စနစ်ကို ပယ်ဖျက်ကြလော့"

ဤစကားတစ်ခွန်းမျှဖြင့် ကြားနာရသူက စိတ်ဝင်စားမည် မဟုတ်ပေ။ အမြတ်ကြီးစားစနစ်၊ ခေါင်းပုံဖြတ်စနစ်သည် အဘယ်နည်း။ လွယ်လွယ်ကူကူ နားဝင်နိုင်မည့် ရှင်းလင်းချက်၊ ဥပမာများ ပါရှိရပေလိမ့်မည်။ ထိုစနစ်သည် အဘယ်ကဲ့သို့ ဆိုးဝါးနစ်နာစေခဲ့သနည်း။ သာဓကများ၊ အကျိုးအကြောင်းပြများနှင့် ထောက်ပြရပေလိမ့်မည်။ မည်သည့်နည်းဖြင့် ပယ်ဖျက်ရမည်နည်း။ လမ်းစဉ်နည်းနာများကို ဆွေးနွေးတင်ပြရပေလိမ့်မည်။ အချုပ်အားဖြင့် မိမိဆိုလိုရင်းတစ်ခုအတွက် လုံလောက်အောင် ရှင်းလင်းတင်ပြခြင်းရှိရပေမည်။ အဘယ်မျှ လုံလောက်ရမည်နည်းဟုဆိုသော် မေးကွက်မရှိအောင် ပြည့်စုံရပေမည်။

မိမိပြောလိုရာကို ပြည့်ပြည့်စုံစုံတင်ပြရာ၌ စကားဖွဲ့သော အတတ်သည် အရေးပါ၍လာပေသည်။ စကားအောင်မြင်မှု၊ ဝေဆာမှုသည် ဆိုလိုသောအဓိပ္ပာယ်ကို ပရိသတ်က ယုတ်စွအဆုံး လက်ခံစဉ်းစားချင်လာသည်အထိ စွမ်းဆောင်နိုင်မှု ရရှိပေမည်။

ပုံစံအားဖြင့် လူအများအား ဆေးလိပ်မသောက်ကြရန် ဟောပြောသည်ဆိုပါစို့။ ပရိသတ်များအား "ဆေးလိပ်သောက်တာ မကောင်းဘူး၊ ရောဂါရတယ်၊ ပိုက်ဆံကုန်တယ်၊ ဒါကြောင့် မသောက်ကြပါနဲ့" ဟူ၍ ပြောရုံဖြင့် လုံလောက်မည်မဟုတ်ပေ။

"လူကြီးမင်းများခင်ဗျား... ကျွန်တော် လူကြီးမင်းများကို ရောင်းချင်တာ တစ်ခုရှိပါတယ်၊ များများလည်း ပေးဖို့ မလိုပါဘူး၊ အဲဒါဝယ်လိုကြရင် ပြောကြပါခင်ဗျာ၊ အဲရောင်းမည့်ပစ္စည်းကိုကော သိလိုကြပါသလားခင်ဗျာ၊ စိတ်တော့ မရှိကြပါနဲ့ခင်ဗျ၊

mgyoe.com

mgyoe.com


ကင်ဆာရောဂါကို ဝယ်ကြမလားလို့ပါ၊ ကဲ နိမိတ်မရှိ နမာမရှိလို့ စိတ်ဆိုးကြပါသလားခင်ဗျာ၊ သည်းခံတော်မူကြပါ၊ ရောဂါကို ကျွန်တော်လည်း ဘယ်ဝယ်ချင်မလဲခင်ဗျာ၊ လူကြီးမင်းများလည်း ဘယ်မှာဝယ်ချင်ကြပါ့မလဲ၊ အလကားပေးလို့တောင် မယူချင်ကြပါဘူး။ ဒါပေမဲ့ လူကြီးမင်းတို့အထဲမှာ ကင်ဆာရောဂါကို ပိုက်ဆံအရစ်ကျပေးပြီး ဝယ်ယူနေကြတဲ့သူတွေရှိတယ်ဆိုရင် အံ့သြကုန်ကြမလားခင်ဗျာ၊ ကျွန်တော် တစ်ဆိတ်ကလေးဆက်ပြီး ရှင်းပြပါရစေ"

ဤကဲ့သို့ စကားကို ဖွဲ့ကာနွဲ့ကာဖြင့် ပရိသတ်၏ သိချင်စိတ်ကို လှုံ့ဆွပေးပြီးနောက် စိတ်ထဲတွင် စဉ်းစားဆင်ခြင်လာတတ်အောင် လမ်းခင်းပေးမည်ဆိုက ရိုးလှသော အကြောင်းအရာကိုပင် ပရိသတ်က နားငြီးမည်မဟုတ်ပေ။

ငုံးတိတိရှိသော မုခ်ဦးပြာသာဒ်ထက် စုလစ်မွမ်းချွန်နှင့် ကော့ပျံနေသော မုခ်ဦးပြာသာဒ်သည်ပို၍ လှပဝင့်ကြွားသည်ဟု ဆိုပေလိမ့်မည်။ သို့ဖြစ်သော် ငုံးတိတိစကားထက် အဖွဲ့အနွဲ့အသိုင်းအဝိုင်းနှင့် ဝေဝေဆာဆာပြောတတ်သော စကားမျိုးမှာ ပို၍ကြားနာချင်စဖွယ်ရှိမည်ကိုကား အထူးပြောရန် မလိုချေ။

စကားပြောသည့်အခါတွင် ထုံးပုံဥပမာများကို ဆီဆိုင်ရာ၌ ထည့်သွင်းပြောဆိုခြင်းဖြင့် စကားကို ရွှင်စေလေသည်။ ရိုးရိုးပြောခြင်းထက် ဥပမာပုံသက်သေနှင့် ပြောခြင်းမှာ ပို၍မှတ်မိလွယ်စေလေသည်။ ရှင်းလင်းသည်ထက်လည်း ရှင်းလင်း၍ အကိုးအကားကြောင့်လည်း အကြောင်းအရာသည် ပိုမိုခိုင်မာလာရပေသည်။

"ထင်ရှားသည်" ဟု ဆိုခြင်းထက် "စာသူငယ်ကြား၊ လင်းတနားသကဲ့သို့" ထင်ရှားသည်။ "လယ်ပြင်တွင် ဆင်သွားသလို" ထင်ရှား

mgyoe.com

mgyoe.com


သည်။ "ကောင်းကင်တွင် ယာဉ်သွားသလို" ထင်ရှားသည်။ "အဖြူပေါ်အမည်းစွန်းသလို" ထင်ရှားသည် စသည်ဖြင့် မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် မြင်သာအောင် ပမာခိုင်း၍ ပြောခြင်းမှာ ထိမိလွယ်စေပေသည်။ ထိုနည်းတူပင် ကြိုတင်၍ ကွက်ကျော်ပြုလုပ်ခြင်းမျိုးကို ရှုတ်ချပြစ်တင်သည့်အခါမျိုးတွင်–

"ယုန်မရခင် သံပရာရှာသည်"

"မုန့်ဆီကြော်ဘယ်နေမှန်းမသိ၊ နှုတ်ခမ်းနာနှင့် တည့်ပါ့မလားမေးသည်။"

"မထိုင်ခင် ခြေဆင်းသည်"

"ပန်းထိမ်မတတ်မီ ရွှေရည်စိမ်သင်သည်"

စသည်ဖြင့် စကားပုံတစ်ခုခုကိုထောက်၍ စကားသွင်းခြင်းဖြင့် ဆိုလိုရင်းကို တိုတိုနှင့်ပင် အကွက်စေ့စေ့ သိနားလည်စေနိုင်လေသည်။

ဟောပြောချက် သို့မဟုတ် မိန့်ခွန်းကို နားထောင်သူသည် စကားစင်းစင်းကို နားထောင်နေသည်ထက် ရှင်မြူးသောဟာသကွက်များ၊ ပုံပြင်များ၊ စကားပုံများ၊ သက်သေသာဓက အဖြစ်အပျက်များ၊ ပညာရှင်များ၏ စကားများ စသည်တို့ကို ဖြည့်ညှပ်၍ ကြားနာရခြင်းကို ပိုမိုလိုလားကြမည် ဖြစ်ပေသည်။ အကြောင်းအချက်များကိုသာ တစ်ဆက်တည်း နားထောင်နေရသည်မှာ ငါးငွေ့ဖွယ်ဖြစ်တတ်ပေရာ ထမင်းစားပွဲတွင် အချို၊ အချဉ်၊ အငံ၊ အစပ်၊ အရသာအမျိုးမျိုး စုံလင်မှ ပို၍ အရသာပြည့်စုံသကဲ့သို့ စကားပြောပွဲတွင်လည်း ထွေထွေရာရာ မှတ်စရာ၊ နားထောင်ချင်စရာများကို ညှပ်သွင်းရပေသည်။

စကားပြောကောင်းသူများသည် စကားဝေဆာစွာဖြင့် လူပြိန်းကြိုက်အောင် ပြောဆိုနိုင်သူများပင် ဖြစ်လေသည်။ ထိုသူများသည် တင်ပြသောအရည်အချင်းရှိသည်ဟု ဆိုရမည်ဖြစ်ပေသည်။ အချို့သော

mgyoe.com

mgyoe.com


စကားပြောသူများသည် အသေးအဖွဲ့အကြောင်းအရာကိုပင် နား အရသာရှိအောင် နားစွဲအောင် ပြောဆိုတတ်လေသည်။ အခြားပုဂ္ဂိုလ်များ ပြောဆိုသော အကြောင်းအရာကိုပင် ထိုသူပြောပြသည်က ပို၍ နားထောင်ကောင်းလေသည်။ အခြားပုဂ္ဂိုလ်များထံမှတစ်ဆင့် နည်းနာခံ၍ပင် တင်ပြရစေကာမူ မူရင်းပညာရှင်ပြောသည့်အခါ နားထောင်၍ မကောင်းဘဲ ထိုသူပြောမှပင် နားထောင်၍ ကောင်းလေသည်။ အချို့သော ပုဂ္ဂိုလ်များမှာကား ပါမောက္ခများ၊ ပါရဂူများ စသည်ဖြင့် ပညာရပ်များတွင် ကျွမ်းကျင်ပြောင်မြောက်သူများဖြစ်စေကာမူ နားထောင်သူ စိတ်ဝင်စားအောင် ပြောမပြတတ်ကြပေ။ နာမည်ကြီးပုဂ္ဂိုလ်ဖြစ်သည် ဟူ၍ ဟောပြောချက်များကို နားထောင်မိသောအခါတွင် အကြောင်းရင်းကို နားမလည်သူများက အထင်သေးသွားတတ်ကြပေသည်။

စင်စစ်အားဖြင့်ကား အကြောင်းအရာကို ပိုင်နိုင်စွာ တတ်ကျွမ်းသည်မှာ တစ်မျိုးဖြစ်၍ ရှင်းလင်းဝေဆာအောင် ပြောပြတတ်ခြင်းမှာ တခြားဖြစ်လေသည်။ ထိုနည်းအတူပင် သူတစ်ပါးတတ်သိအောင် ပို့ချသင်ကြားတတ်ခြင်းမှာလည်း တစ်ဘာသာဖြစ်လေသည်။

စကားပြော ကျွမ်းကျင်သူများသည် ပျင်းရိငြီးငွေ့ဖွယ်သော ဘာသာရပ်ကို စိုပြည်ဝေဆာအောင် ပြောတတ်ကြလေသည်။ စာရေးကျွမ်းကျင်သူများသည်လည်း ထို့အတူပင် အသေးအဖွဲ့အကြောင်းအရာကို ဖတ်၍ကောင်းအောင် ရေးနိုင်စွမ်းကြလေသည်။ ထိုသို့သော စွမ်းအင်မှာ ပရိသတ်၏အလိုကိုသိခြင်း၊ စိတ်ဝင်စားအောင် မည်ကဲ့သို့ တင်ပြရမည်ကိုသိခြင်း၊ အုံဖွဲ့၍ ချဲ့ထွင်မွမ်းမံနည်းကိုသိခြင်း၊ ဖြည့်သွင်းမွမ်းမံရန် စကားပုံ၊ ဥပမာ ဝတ္ထုသက်သေ၊ စကားစပ်၊ ကဗျာလင်္ကာ စသည်တို့ကို အစုအဆောင်းအမှတ်အသားများ၍ အကွက်ကျအသုံးချတတ်ခြင်းစသော အရည်အချင်းများပင် ဖြစ်လေသည်။

mgyoe.com

mgyoe.com


သတိပြုရန်မှာ ပိုလွန်၍ ချဲ့လွန်းဖွဲ့လွန်းခြင်းမပြုမိအောင် သတိပြုရန်ပင် ဖြစ်လေသည်။ အဝတ်တစ်ထည်တွင် တိုင်ချည်ဖောက် ချည်ထက် ချုပ်ချည်ကများနေလျှင် ပင်ကိုအလှသည် ပေါ်လွင်တော့မည်မဟုတ်ပေ။ ထို့အတူပင် ပင်ကိုချောမောလှပသူသည် အဝတ်တန်ဆာ ပန်းမန်ပုတီး လက်ကောက်တို့ကို အလွန်အမင်း ဆင်ယင်လွန်းပါက အလှပျောက်၍ အမွှမ်းအမံသာလျှင် ပေါ်လွင်နေမည်ဖြစ်လေသည်။ ထိုနည်းတူပင် စကားပြောရာ၌ အဖွဲ့အနွဲ့ အသိုင်းအဝိုင်းလိုသည်မှန်သော်လည်း အမွှမ်းအဆာကို လိုသည်ထက်ပို၍ ထည့်ခြင်းဖြင့် ပင်ကိုအကြောင်းအရာ လမ်းစပျောက်သွားတတ်လေသည်။ အချို့မှာ မိမိတို့တတ်သိစုဆောင်းမိသမျှသော စကားပုံ၊ ဥပမာ ဝတ္ထုပုံပြင်တို့ကို အကွက်ကျမကျ မစဉ်းစားဘဲ အတင်းပွတ်သိပ် ဆွဲထည့်ပြောဟောကြသဖြင့် မဆီမဆိုင်ဖြစ်ကာ ဆိုလိုရင်း နစ်ငုပ်ရတတ်လေသည်။ ဤအချက်များကိုလည်း ကောင်းစွာ သတိပြုသင့်ပေသည်။

**သေချာစွာ သိသမျှသာပြောပါ။**

စကားပြောဟောသူသည် လူပရိသတ်အမျိုးမျိုးကို ရင်ဆိုင် လေသည်။ အချို့သော ပရိသတ်သည် ပြောဟောသူထက်ပင် ပို၍တတ်သိနားလည်ပေသည်။ ထို့ကြောင့် ဟောပြောသူသည် ပရိသတ်ကို အကြောင်းမဲ့ အထင်မသေးသင့်ပေ။ "ငါပြောသမျှ လက်ခံမည်။ ငါပြောသမျှ ယုံကြည်မည်" ဟူ၍ ယုံကြည်စိတ်ချထားလျှင် မှားပေမည်။ ဟောပြောသူသည် မိမိပြောလိုရင်းကို ယုံကြည်လက်ခံအောင် ရည်ရွယ်ချက်ထား၍ ပြောလေ့ရှိသည်ကား မှန်၏။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိသည်လည်း မှန်၏။ သို့တစေ လိုအပ်သည်ထက် ပို၍ မိမိကိုယ်ကို အထင်ကြီး၍ ပရိသတ်ကို အထင်မသေးသင့်ပေ။

mgyoe.com

mgyoe.com


ပရိသတ်ကို အထင်မသေးသောအခါ မိမိမသိဘဲ လိမ်ညာဖြီးဖြန်းခြင်းမျိုးကို ရှောင်ကြဉ်နိုင်မည်ဖြစ်လေသည်။ မိမိပြောဆိုမည့်အကြောင်းအရာကို မိမိပိုင်နိုင်ကျေညက်၍ သေချာရေရာစွာ သိရှိထားပြီးဖြစ်ရန်ကား လိုလေသည်။ ထိုသို့ ကျွမ်းကျင်နိုင်နင်းပြီးခဲ့သော် တိကျမှန်ကန်ရဲရင့်စွာ ပြောဆိုရန် လိုပြန်လေသည်။ ပရိသတ်ကို အထင်မသေးသင့်သော်လည်း "ငါ့ကိုများ အထင်သေးလေမည်လား" ဟူ၍ကား စိုးရွံ့တွန့်ဆုတ်ခြင်း မဖြစ်သင့်ပေ။

မိမိသည် အကြောင်းအရာတစ်ခုခုကို မပြောမီ ပိုင်နိုင်စွာကျွမ်းကျင်အောင် ကြိုတင်လေ့လာ ဆည်းပူးပြီးဖြစ်ရန် လိုလေသည်။ အကြောင်းအချက် တိကျမှန်ကန်ခြင်းသည် ဟောပြောမှုကို ပိုမိုယုံကြည်စွဲဝင်စေနိုင်လေသည်။ ဟောပြောသူကိုလည်း အထင်ကြီးစေနိုင်လေသည်။ ဟောပြောသည် သို့မဟုတ် ပရိသတ်ရှေ့မှောက်တွင် တင်ပြပြောဆိုသည်ဆိုကတည်းကပင် "ကျွန်ုပ်သည် ဤအကြောင်းရပ်၌ နားဆင်သူများထက် လိမ္မာတတ်သိမှုရှိပါသည်" ဟူ၍ ဝန်ခံထားရာရောက်လေသည်။ စင်မြင့်ထက်သို့ရောက်ပြီးမှ အိုးနင်းခွက်နင်း အမြီးအမောက်မတည့်အောင် ပြောဆိုမိချေသော် အရှက်ကွဲရန်သာ ရှိပေတော့မည်။ မရဲဘဲနှင့် ကျွဲပြိုစီးရာကျပေလိမ့်မည်။ ထိုင်နေအကောင်းသား၊ ထသွားမှ ခြေဆွံ့မှန်းသိသည်ဆိုသကဲ့သို့ မပြောဘဲနေသည်တွင် အထင်သေးမခံရသော်လည်း ပြောလိုက်ပါမှ အသုံးမကျမှန်းကို သိရစေတတ်လေသည်။

ပရိသတ်သည် လူတစ်ဦးတစ်ယောက်သာ မဟုတ်ပေ။ မိမိ ဖြီးဖြန်းသည်ကို မသိလေတန်ရာဟူ၍ ပြောဆိုမိချေက တစ်ယောက်မသိသော် တစ်ယောက်က သိမည်ဖြစ်လေသည်။ ထို့ကြောင့် မသေချာ မပိုင်နိုင်လျှင် မပြောဆိုဘဲနေခြင်းက ပို၍ ကောင်းလေသည်။ စာမေးပွဲဖြေရာ၌

mgyoe.com